ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ တနင်္လာနေ့၊ (11-8-2008) (၅၇၆၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ယနေ့ ညနေ ၃ နာရီ မိနစ် ၅၀ တွင် နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်မောင်ရှိန်၊ ဗိုလ်ချုပ်ခင်ဇော်နှင့် ဗိုလ်ချုပ်လှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ တာဝန်ရှိပုဂ္ဂိုလ်များလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက်သတင်း

ရှေးဟောင်း ဈေးလမ်းတစ်ခုကို ပေကျင်းမြို့တွင် ပြန်လည်ပြုပြင်မွမ်းမံဖွင့်လှစ်

ပေကျင်း ဩဂုတ် ၁၀

နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား မကျင်းပမီ တစ်ရက်အလို ဩဂုတ် ၇ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တော်တွင် ရှေးခေတ်စီးပွားရေး ရပ်ဝန်းဒေသ ဈေးလမ်းတစ်ခု(ဝဲပုံ)ကို **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အတည်ပြုချိန် ၅း၃၅

ကြေးမုံ The Mirror
၁၁-၈-၂၀၀၈
(တနင်္လာနေ့)

ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းမှုဂရုပြု

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသမှုလုပ်ငန်းများနည်းတူ ရောဂါကြိုတင်ကာကွယ်ရေးသည်လည်းအရေးပါသည်ဖြစ်ရာအမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်များ ကျင်းပ၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနက ယခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်ကို ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ သတ်မှတ်ထားရာ အခြေခံပညာကျောင်းများအားလုံး ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးအတွက် စာသင်ဆောင်များနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့် ရရှိသုံးစွဲရေး၊ ကျောင်းဈေးတန်းရှိ အစားအသောက်ဆိုင်များ သန့်ရှင်းစွာရောင်းချရေးတို့ကို အဓိကလုပ်ဆောင်ကြရမည်ဖြစ်သည်။

အထူးသဖြင့် အသက် ငါးနှစ်မှ ၁၀ နှစ်ဝန်းကျင်အရွယ် ကလေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် စာသင်ခန်းများ၏ ပတ်ဝန်းကျင်အခြေပြု၍ ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ကန့်လန့်ကာများ ဆေးရည်စိမ်ပေးခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းတို့သည် အခါမလပ် ပြုလုပ်ကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင်သာ ပေါက်သော ခြင်ကျားကိုက်ခံရခြင်းမှတစ်ဆင့် ဖြစ်ပွားတတ်သဖြင့် ရေခံခွက်များ တိုက်ချွတ်ဆေးကြောခြင်း၊ အုတ်ကန်များ၊ ရေစည်များ၊ ရေအိုးများတွင် ဆေးခတ်ခြင်း၊ အဖုံးအုပ်ထားခြင်းတို့ဖြင့် ခြင်များဥခြင်းမှ ကာကွယ်ကြရမည်ဖြစ်သည်။ ထို့အပြင် ကျောင်းနှင့်ဝန်းကျင်တွင် ခြင်ကျားများ ပုန်းခိုပေါက်ဖွားနိုင်သည့်နေရာများ၊ ရေတင်နိုင်သည့် ဘူးခွံ၊ ပုံးခွံ၊ ခွက်များ၊ တာယာဟောင်းများ၊ အိုးခြမ်းပဲ့များ စသည်တို့ကို ရှင်းလင်းဖယ်ရှားပစ်ကြရမည်ဖြစ်သည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူတိုင်း အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့်သုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး (လက်သန့်)နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး(အိမ်သာသန့်) ဟူသည့် သန့်လေးသန့်နှင့် ပြည့်စုံနေစေရေး ဖန်တီးဖော်ဆောင် ပေးကြရမည်ဖြစ်သည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ပေးလျက်ရှိရာ ဆရာ၊ ဆရာမများနှင့် မိဘပြည်သူများ ပူးပေါင်း၍ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ကျောင်းကျန်းမာရေးသီတင်းပတ်မှသည် စဉ်ဆက်မပြတ် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည် ။ ။

ဇေယျသုခမင်္ဂလာဗိမာန် နှစ်ထပ်ကျောင်းအတွက် လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီးအတွင်း တည်ဆောက်လျက်ရှိသော ဇေယျသုခ မင်္ဂလာဗိမာန်နှစ်ထပ်ကျောင်း၏ ဘက်စုံအတွက် ရန်ကုန်မြို့နေ (ဦးတင်ထွန်း)-ဒေါ်မြင့်မြင့်ကြည် မိသားစုတို့က အလှူငွေကျပ်၅၀၀၀၀၀ **(အပေါ်ပုံ)** နှင့် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဆစ်ဒနီမြို့နေ ရဟန်းဒါယကာ ဒေါက်တာ မြင့်ထွန်း-ဒေါ်နွယ်နွယ်ဦး၊ သား လမင်းထွန်း၊ တာရာထွန်းမိသားစုက အလှူငွေကျပ် ၅၀၀၀၀၀ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယဉ်ကျေးမှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ ဦးစီးဌာနများအလိုက် ပြီးစီးခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပါမောက္ခချုပ်များက ဝန်ထမ်းရေးရာနှင့်သင်ကြားရေးဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်/တိုင်းပြတိုက်နှင့် စာကြည့်တိုက်တာဝန်ခံအရာရှိများ၊ ဌာနခွဲ/ဌာနစု တာဝန်ခံ အရာရှိများက အထွေထွေကိစ္စရပ်များကိုလည်းကောင်း တင်ပြဆွေးနွေးကြရာ ဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်အောင် မင်္ဂလာတောင်ညွန့်မြို့နယ်အလုပ်အမှုဆောင်အဖွဲ့နှင့် အမှုဆောင်အဖွဲ့များအား မြို့နယ်အသင်းရုံးခန်းမ၌ တွေ့ဆုံ၍ ပြည်သူ့အကျိုးပြု လုပ်ငန်းစဉ်များအား ညှိနှိုင်း ဆွေးနွေးစဉ်။
(သတင်းစဉ်)

သွေးဆေးကန်ဆရာတော် ဝါတွင်းတရားစခန်း

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်နာယက ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ပြည်ပ သာသနာပြု သွေးဆေးကန်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ (B.Sc., Phy) အရှင်သူမြတ်သည် ရောဝတီတိုင်းညောင်တုန်းမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ် (၆၅)တွင်ဝါခေါင်လပြည့်နေ့မှဝါခေါင်လပြည့်ကျော် ၉ ရက် (ဩဂုတ် ၁၆ ရက်မှ၂၅ရက်)အထိကျင်းပမည့်ဝါတွင်းကာလအထူးတရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ အဖွဲ့တည်ရာသို့ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ (ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး၊ ဒုတိယရဲမှူး မြင့်အောင်သည် ဩဂုတ် ၇ရက် နံနက်၁၀နာရီကကျောက်တန်းမြို့နယ် အာသောကာရာမကျောင်း၊ ဝေပုလ္လဓမ္မာရုံ၌ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောက်တန်း မထသ ယာဉ်လိုင်းမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသိပညာပေး ဟောပြော

အထက(၂)ကျောက်တန်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရုပ်ရှင်နှင့် ပြဇာတ်ပညာသင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေးချီးမြှင့်သည်။

အစီအစဉ်အရ ရန်ကုန်တိုင်း(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖျော်ဖြေ

ထို့နောက်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများ၏ ခွန်းဆင့်ပဏ္ဏာတေး အလင်္ကာယိမ်းအက၊ ရုပ်သေးနှစ်ပါးသွား၊ ပွဲကြိုက်ခင် ယိမ်းအက၊ ကျောင်းသူများ၏ ဆိုင်းဝိုင်းကြီး လက်စွမ်းပြ တီးခတ်ခြင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပိဋကတ်သုံးပုံ စာအုပ်များ ဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၁၀

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘီတွတ်အုပ်စု၊ မြစ်ပေါက်အုပ်စု၊ မောင်ငယ်အုပ်စုတို့ရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများ၌ ပျက်စီးသွားသော ပိဋကတ်သုံးပုံစာအုပ်များ၊ ကမ္မဝါများ ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၉ရက်တွင် ဘီတွတ်ကျေးရွာ ပုညာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပိဋကတ်သုံးပုံ တစ်စုံလျှင် ငွေကျပ် ၁၈၀၀၀၀ ဖြင့် လှူဒါန်းလိုသူများသည် ဦးနာရဒ(ဘီတွတ်) ပုညသီရိ အောင်ချမ်းသာကျောင်းတိုက် ကမာရွတ် ဘူတာရုံလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၀၁၃၀၊ ၀၉ ၈၅၇၅၃၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်အေး ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ(၂)၌ ကျင်းပသည်။

အကြံပြု

အခမ်းအနားတွင် တိုင်းယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်အေးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဦးရွှေမင်းအား ရည်စူး၍ လှိုင်မြို့နယ် မြကန်သာ(၂)လမ်းနေ ဒေါ်သန်းကြွယ်၊ သား ဦးစိုးလွင်၊ မြေးမြနီလာသဲမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေ ပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်တင် လက်ခံယူစဉ်။ (ကြေးမုံ)

ဒလမြို့နယ် ဓနုတ်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဓနုတ်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် မိခင်ကြီးဒေါ်အမာရွှေအားရည်စူး၍ နှစ်ဖက်မိဘများဖြစ်သော ဦးကောက်၊ ဦးခင်ဇော်၊ ဒေါ်မြရင်တို့အားအမှူးထားကာ ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၄၇၄)နေ ဦးမျိုးသန့်-ဒေါ်မြင့်မြင့်ရွှေ၊ သား ကောင်းဆက်ဟိန်း၊ အောင်သူဖြိုး၊ သမီး မသန်းသန်းဆွေ၊ မအိန္ဒြာမျိုးမြင့် မိသားစုက အလှူငွေကျပ်သိန်း ၁၀၀ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပေးအပ်လှူဒါန်းရာ တိုင်းအတွင်းရေးမှူး ဦးလှစိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်လေးတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးကျောင်းတိုက် ကျားကူးဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်မှ ပဓာန နာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဘဒ္ဒန္တရေဝတ ဆရာတော်အား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီ၊ဆားနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ ကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးသုံးဦးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲ တို့ကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်း ရှင်များအသင်းနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်း များကို အလှူရှင်များက ဆရာတော် ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် စေတနာရှင် အလှူရှင်များ ဖြစ်ကြသော တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့က ငွေကျပ် လေးသောင်းစီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်း၊ ဦးစိုင်းမောင်မောင်မြင့် (ဥက္ကဋ္ဌ၊ Sky Line Trading Co.,Ltd.)က ငွေကျပ် ဆယ်သိန်း၊ သုဓမ္မသိင်္ဂီဒေါ်မေသန်း နွယ်(သိင်္ဂီရွှေရည် ဓာတ်ပုံတိုက်)၊ ဦးကျော်စိန်(MD, Jewellery Luck Co., Ltd.)နှင့် ဦးကျော်ကျော်(ဥက္ကဋ္ဌ) မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ ချုပ်တို့ ငွေကျပ်ငါးသိန်းစီ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း- သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ) က ငွေကျပ် ၃၆၀၀၀၀၊ ဦးရဲအောင်- ဒေါ်လှဲ့လှဲ့ဝင်းက ငွေကျပ် ၃၀၈၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရ ဆေး မိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ အမျိုးသား ကြီးပွားတိုးတက်ရေး ကုမ္ပဏီနှင့် ဒဂုံမြို့နယ်ရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ များက ငွေကျပ်သုံးသိန်းစီ၊ ဦးအောင်ဇော်မြင့် - အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာ မြတ်မြတ်အုန်းခင်က ငွေကျပ် ၂၀၅၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေး မြတ်နွယ်(ပုဂံဟိုတယ်)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်- အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည် ကြည်ဆွေ (သမ္မတ သင်္ကန်းတိုက်)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်း ဝင်း-ဒေါ်ဌေးဌေးညွန့်(BTB ကုမ္ပဏီ)၊ ဦးစိုးနိုင် (ပြည့်ဝဆောက်လုပ်ရေး)နှင့် ဒဂုံမြို့နယ်ဌာနဆိုင်ရာများက ငွေကျပ် နှစ်သိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင် ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ) က ငွေကျပ် ၁၅၀၀၀၀၊ ဦးထွန်းမြင့်- ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီး မှုန့်)က ငွေကျပ် ၁၁၀၀၀၀၊ ဦးအောင် သိန်း (သိန်းဆောက်လုပ်ရေး)၊ ဦးလှ ဌေး - ဒေါ်ရင်ရင်ကြူ (ဌေးမိသားစု)၊ ဦးမောင်မောင် (နဝဒေးလမ်း၊ ယော မင်းကြီးရပ်ကွက်)နှင့် ဦးကြူးခင် (မိုး သယ်ယူပို့ဆောင်ရေး) တို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူတော် ငွေစုစုပေါင်း ငွေကျပ် ၆၆၀၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ် ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် ဒုတိယ မြို့တော်ဝန်တို့က လက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာ များကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာန ချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်း ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်း လျှောက်ထားသည်။ ထို့နောက် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ် တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော် ကြီး စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၆၂အိတ်၊ ၁၈ပြည်၊ ဆီ ၆၇ပိဿာ၊ အိုင်အိုဒင်းဆား ၃၇၈ပိဿာ၊ ပဲ ၅၄ပိဿာ၊ သွားတိုက်ဆားဘူး ၅၄ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၆၈၄ ဘူး၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်အထုပ် ၅၀၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၆၆၀၀၀၀၀ တို့ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန် အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် လေးတိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ် မှူး ချုပ် ဝင်းမြင့်ရန်ကုန် အရှေ့ပိုင်းခရိုင် ရန် ကင်း မြို့နယ် အတွင်းရှိ ဘုန်း တော် ကြီး စာ သင် တိုက် ကိုးတိုက်နှင့်သီလ ရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အတွင်းရှိ ဘုန်းတော် ကြီးစာသင်တိုက် ကိုးတိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေလေ) မိသားစု များနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် မိုးကောင်း လမ်းရှိ မဟာဗောဓိပရိယတ္တိ စာသင် တိုက်၊ မဟာဗောဓိ မြတ်စွာဘုရား ရွှေကျောင်းတော်၌ကျင်းပရာ ရန်ကုန် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် တက်ရောက်ကြည်ညိုပြီး ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အဖွဲ့ဝင် မဟာ ဗောဓိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာ ဘိဝံသထံမှ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူး ချုပ်ဝင်းမြင့်က နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာ ရာမ(ကျိုက်ပိ)ဆရာတော်အားသင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန် ရှိသူများက ဆရာတော် သံဃာတော် များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်တပ်မတော် (ကြည်း၊ ရေလေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေလေ) မိသားစု များကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင် ဆရာကြီး များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲ တို့ကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်း သည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာ သနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆား နှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ် လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း နှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင် များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်း ရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ရေထွက်ကုန် ပစ္စည်းထုတ်လုပ်သူ များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း နှင့်အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်လှူဖွယ်ပစ္စည်းများကို အလှူရှင် များက ဆရာတော်ထံ ဆက်ကပ်လှူ ဒါန်းကြသည်။

ထို့နောက် စေတနာရှင် အလှူရှင် များ ဖြစ်ကြသော တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၀၀၀၀၊ ဒေါ်ရီရီလှ မိသားစု(ဝင်ဒါမီယာ)က ငွေကျပ် ၁၅သိန်း၊ အမျိုးသား ကြီးပွားတိုး တက်ရေးကုမ္ပဏီလီမိတက်၊ ဒေါ်မြ သီတာအောင် (ဘုရင့်နောင်ပွဲရုံ) နှင့် ဒေါက်တာ ခင်မောင်တင့် တို့က ငွေကျပ် ငါးသိန်းစီ၊ (ဦးအောင်မြင့်)- ဒေါ်ဖြူသီမိသားစု (ဗဟန်း) က ငွေကျပ် လေးသိန်း၊ ရန်ကင်းမြို့ နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက ငွေကျပ် ၃၂၂၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရ ဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင် နန်းမွန် (အနော်ရထာလမ်း၊ ရန်ကင်း)၊ (ဗိုလ်မှူးကြီးသာဝင်း)- ဒေါ်မြမြရင် (သုဝဏ္ဏ) နှင့် ဦးမျိုးမြင့်အောင်- ဒေါ်ဝင်းကြည် (စိတ္တသုခလမ်း၊ ကျောက်မြောင်း) တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးဌေးဝင်းအောင်- ဒေါ်ဥမ္မာညွန့် (ပါရမီ)က ငွေကျပ် ၂၅၀၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်း ဝင်း - အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည် ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း- သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ရွှေနေချုပ်ရုံး)၊ သီရိသုဓမ္မ မဏိ ဇောတဓရ ဦးသန်းထွန်း (ကံ့ကော် ရွှေပြည်)-ဒေါ်မြသွေး (ပြည်တော် အေးရိပ်သာ၊ ရန်ကင်း)နှင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးအေးလွင်- သီရိ သုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်လေး (ရွှေပြည်စံ ကုမ္ပဏီလီမိတက်)၊ ဒေါ်ခင်ခင်ငြိမ်း မိသားစု (သုဝဏ္ဏ)နှင့် ကုသိုလ် အာစိဏ္ဏကံ (သင်္ဃန်းကျွန်း) တို့က

စာမျက်နှာ ၉ ကော်လံ ၂ သို့ ✧

နေပြည်တော်တပ်ကုန်းရှိ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းနှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၀

နေပြည်တော်တပ်ကုန်းရှိ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းနှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ငွေတောင်တောရပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ငွေတောင်တောရပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို"နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ငွေတောင်တောရပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် အမှူးပြုသော ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စေတနာရှင် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စားတွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီး ဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးတင်အောင်စန်းနှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်တို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနတိုင်းရင်း ဆေးပညာဦးစီးဌာနဝန်ထမ်းမိသားစုများ၊ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင် နေပြည်တော်တပ်ကုန်းရှိ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းနှင့် သီလရှင် စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ နှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် စေတနာရှင်အလှူရှင်များ၏လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထို့နောက်ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် ၁၇၀၀၀၀၊ တီဇက်တီအမ်ကုမ္ပဏီက ငွေကျပ် ခုနစ်သိန်း၊(ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၅၅၅၀၀၀၊ ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါလ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)၊ ခိုင်သစ္စာရတနာကုမ္ပဏီ၊ မက်စ်မြန်မာကုမ္ပဏီ၊ဒေင်ကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီ၊ နောင်တုံ ကုမ္ပဏီနှင့် အဂ္ဂမဟာသီရိ သုဓမ္မမဏိ ဇောတရေ သမားတော်ကြီး ဦးဘိုကြီး-သီရိသုဓမ္မ သိင်္ဂီ ဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်) တို့က ငွေကျပ်ငါးသိန်းစီ၊ အေရှားဝေါလ် ကုမ္ပဏီနှင့် WEG ကုမ္ပဏီတို့ကငွေကျပ်သုံးသိန်းစီ၊သမ္မတသက်န်းတိုက်၊ မြန်မာ့အလှကုမ္ပဏီ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)၊ ဦးဆန်းသိန်း-ဒေါ်ကျင် ကျင်သောင်း(ပွဲရုံလုပ်ငန်း)၊ ဒေါ်လှလှ(လမ်းမတော်-သန့်ဝန်ဆောင်မှုလုပ်ငန်းနှင့် မြင့်အောင်မြတ်ကုမ္ပဏီတို့ကငွေကျပ်နှစ်သိန်းစီ၊စည်ပင်လိုင်စင်လုပ်ငန်းရှင်များကငွေကျပ်၁၅၀၀၀၀၊ နေပြည်တော် တပ်ကုန်းမြို့နယ်မှ စေတနာရှင် အလှူရှင် ခုနစ်ဦးတို့က ငွေကျပ် ၁၃၅၀၀၀၊ United Winter Co., Ltd. က ငွေကျပ်၁၂၀၀၀၀၊ မှန်ချီဆေးတိုက်ကငွေကျပ်၁၁၀၀၀၀၊ ကေသီပန်ဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ဒေါ်မြင့်မြင့်သန်း (အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး-နေပြည်တော် တပ်ကုန်း)၊ ဦးလှစိန် (လိုင်စင်လုပ်ငန်းရှင် - နေပြည်တော် တပ်ကုန်း)၊ ဦးကျော်ညွန့်၊ ဦးဇော်မင်းအောင် (ထောင်ပိုင်ကြီး)၊ ဦးတင်ဝင်း-ဒေါ်မိမိနိုင် (ဆန်စက်လုပ်ငန်း) တို့က ငွေကျပ်တစ်သိန်းစီ၊ နေပြည်တော် တပ်ကုန်းမြို့နယ် ဌာနဆိုင်ရာအဖွဲ့အစည်းများက ငွေကျပ်၇၅၀၀၀၊ နေပြည်တော် တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်တရားရုံးနှင့် အထက်တန်းရှေ့နေများ၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့က ငွေကျပ်ငါးသောင်းစီ နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က က ငွေကျပ်သုံးသောင်း အပါအဝင် အလှူရှင်များက အလှူငွေကျပ် ၉၁၅၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဗိုလ်မှူးကြီးချန်မောင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိထံမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေပြည်တော် တပ်ကုန်းရှိ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းနှင့် သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် အလှူရှင်များက ယနေ့ လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၄၀၇အိတ်၊ ဆီ ၁၆၂ပိဿာ၊ ပဲ ၂၂၅ပိဿာ၊အိုင်အိုဒင်းဆား ၁၁၂၉ပိဿာ၊ သွားတိုက်ဆားဘူး ၂၂၆ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၆၉၅၂ ဘူး၊ ဘုတ်ဆုံမငရုတ်သီးမှုန့်အထုပ် ၅၀၀ နှင့် ဆွမ်းပဒေသာပင် အလှူတော် ငွေကျပ် ၉၅၆၅၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

ပုလဲမြို့နယ် နွယ်အင်းကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်နှင့် ပရိဘောဂများ လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

ပုလဲမြို့နယ် နွယ်အင်းကျေးရွာစာကြည့်တိုက်အတွက် စာအုပ်နှင့် ပရိဘောဂများ လှူဒါန်းပွဲကို ဇူလိုင် ၂၂ရက် နံနက် ၁၀နာရီတွင် မင်းတိုင်ပင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးတင်သန်းဝင်း၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းနှင့် မင်းတိုင်ပင်၊ နွယ်အင်းကျေးရွာတို့မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်းတိုင်ပင်ရုံးမှ ဒုတိယဦးစီးမှူး ဦးတင့်ဆွေက စာအုပ်နှင့် ပရိဘောဂများ လှူဒါန်းပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာအုပ်နှင့် ပရိဘောဂများ လှူဒါန်းပွဲ ကျင်းပရာ တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းထံသို့ မင်းတိုင်ပင်ကျေးရွာနေ ကျောင်းဆရာ ဦးငွေးနိုင်၊ ဆရာမဒေါ်ခင်မြိုင်တို့က ငွေကျပ် ၁၆၀၀၀၀ တန်ဖိုးရှိဗီရိုနှစ်လုံး၊ ဦးတင်အောင်-ဒေါ်ထွန်းစီ (ကုန်သည်) တို့က ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံး၊ မင်းတိုင်ပင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်-ဒေါ်ခင်ဝင်းတာတို့က အလှူငွေကျပ် ၂၀၀၀၀၊ နွယ်အင်းကျေးရွာနေ သမဝါယမလီမိတက်က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံးတို့အား အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းထံသို့ မင်းတိုင်ပင်ကျေးရွာမှ အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နွယ်အင်းကျေးရွာ ဥက္ကဋ္ဌ ဦးမျိုးဇော်ထံသို့ စစ်ကိုင်းတိုင်းရုံးနှင့် ခရိုင်ရုံး၊ မြို့နယ်ရုံးနှင့်ဝန်ထမ်းများကိုယ်စား စာအုပ်စာစောင်များကို ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဆန်းမြင့်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နွယ်အင်း ကျေးရွာစာကြည့်တိုက်အတွက် ပထမအကြိမ် စာအုပ်နှင့် ပရိဘောဂပစ္စည်းများ လှူဒါန်းရရှိသော တန်ဖိုးငွေမှာ ငွေကျပ် ၈၇၅၁၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၁၀

၂၀၀၈ခုနှစ် ဩဂုတ် ၁၀ရက် မြန်မာစံတော်ချိန် ၁၄နာရီ ၅၂မိနစ် ၂၅စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်ထိခန်း၏ အနောက်တောင်ဘက် မိုင် ၅၀၀ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ၊ ကပ္ပလီပင်လယ်ပြင်ကို) ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှသတင်း ထုတ်ပြန်ထားသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေး တေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀	၉။	ဗွီစီဒီကျော်ကြား တေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေး တေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့ သူရဲကောင်း" အပိုင်း(၉၄)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေး တေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ရေးဖွဲ့သီရာ စာကဗျာလင်္ကာ(၁)
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း အပိုင်း(၁၇)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ် ပွဲမြတ်အခါ

တက္ကသိုလ်လှမောင်

ဝါတွင်းကာလ မတိုင်ခင်ကပင်လျှင် ဝါဆိုသင်္ကန်း လှူဒါန်းပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပနေကြလေသည်။ ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ် ပွဲမြတ်အခါကား ထေရဝါဒဗုဒ္ဓဘာသာမြန်မာတို့၏ အလေးအမြတ်ထားအပ်သော အခါကြီးရက်ကြီး အချိန်အခါဖြစ်ပါသည်။ ဝါတွင်းကာလကို အခါတွင်းကာလ၊ အခါကြီးရက်ကြီးဟူ၍ ရက်မြတ်ကြီးများအဖြစ် အထွတ်တင် ခေါ်ဝေါ်သတ်မှတ်ထားခဲ့ကြပါသည်။

ဘုရားလက်ထက်အခါက ရဟန်းတော်များ ဘုရားထံ အဖူးအမြော်လာရောက်စဉ် မိုးထဲရေထဲ မိုးရေစိုရွှဲ လဲစရာသင်္ကန်းမရှိ အခြေအနေကိုသိ၍ မြတ်ဘုရားက ရဟန်းတော်များအတွက် မိုးတွင်းကာလကို ဝါတွင်းအဖြစ် သတ်မှတ်ခဲ့ပြီး ထိုရက်များအတွင်း ညအိပ်ညနေ ခရီးမထွက်ရဟု ပညတ်တော်မူခဲ့ပါသည်။

ဤရက်ကြီးများအတွင်း လူများက မင်္ဂလာဆောင်နှင်းခြင်းစသည့် လောကီပွဲများကို ရှောင်ကြဉ်ခဲ့ကြသည်။ ရဟန်းတော်များ၊ ဂန္ထဓူရ၊ ဝိပဿနာဓူရအကျင့်မြတ်များကို စိတ်ချမ်းမြေ့စွာ ကျင့်ကြံနိုင်စိမ့်သောငှာ အလှူအတန်း ဆွမ်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်းများ ပြုလုပ်ကြပါသည်။ ဝါဆိုကာလသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ် ပွဲမြတ်အခါများဖြစ်ပါသည်။ အစွန့်ရှည်ကြာ ခိုင်မြဲစွာ တည်ရှိခဲ့သော ဘာသာယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။ ဝါတွင်းကာလရောက်ပြီဆိုလျှင် ဗုဒ္ဓဘာသာ မြန်မာတို့သည် လောကီအလုပ်တို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြပြီး ကုသိုလ်ဒါနအလုပ်များဖြင့်သာ မွေ့လျော်ပျော်ပိုက်ကြသည်။ ဥပုသ်ရက်ရှည်စောင့်ကြသည်။ တရားရိပ်သာဝင် တရားထိုင်ကြသည်။ ဝါဆိုသင်္ကန်းမြတ် ဆက်ကပ် လှူဒါန်းပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပကြသည်။ နေအိမ်များ၊ မြို့နယ်အသင်း၊ လူမှုရေးအသင်း၊ အဆောက်အအုံ၊အသင်းတိုက်များ၊ ကျောင်းတိုက်များ၊ ဓမ္မာရုံများ စသည်ဖြင့် မြို့နယ်အသီးသီး တစ်နိုင်ငံလုံး တအုန်းအုန်းနှင့် လှူ၍ပင်မဆုံးနိုင်ကြ၊ အားမရနိုင်ကြ။ နေ့စဉ်သတင်းများတွင်လည်း ဝါဆိုသင်္ကန်းကပ်လှူပွဲသတင်းများ အားရဖွယ်ရာ ဖတ်ရှုနေရသည်။

နေအိမ်များမှာလည်း တစ်နိုင်တစ်ပိုင်မိသားစု ဝါဆိုသင်္ကန်းကပ်လှူကြသည်။ အသင်းအဖွဲ့များ အတိုင်းအတာဖြင့်လည်း အများပေါင်းစု ကောင်းမှုကုသိုလ်ယူနိုင်ကြသည်။ အများလှူနိုင်ရန် သက်သက်သာသာ စီစဉ်ပေးကြသည်များလည်းရှိသည်။ ဝါဆိုသင်္ကန်းလှူဒါန်းခြင်းသည် ဝါတွင်းကာလ သုံးလပတ်လုံးလှူဒါန်းနိုင်သဖြင့် လှူဒါန်းကာလအရှည်လျားဆုံးလည်း ဖြစ်ပါသည်။ ကထိန်လျာသင်္ကန်းလှူဒါန်းကာလမှာ သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်ထိ တစ်လတာကာလဖြစ်သည်။ ထို့ကြောင့် ဝါဆိုသင်္ကန်းအလှူကပို၍ အခွင့်အရေးသာနေပါသည်။

သင်္ကန်းသည် သံဃာတော်များ၏ အခြေခံ လိုအပ်ပစ္စည်းဖြစ်၍ လှူရသော အကျိုးမှာလည်း ကြီးမားလှပါသည်။ မြတ်ဘုရားနှင့်ကြုံ၍ ဧဟိဘိက္ခုခေါ်သောအခါ သင်္ကန်းပရိက္ခရာအစုံအလင်နှင့် ရဟန်းဖြစ်သွားရခြင်းအကျိုးမှာ သင်္ကန်းလှူခဲ့သောအကျိုး ဖြစ်ပါသည်။ အရဟဒ္ဓဇဆိုသည့်အတိုင်း သင်္ကန်းဆိုသည်မှာ ရဟန်းတို့၏ အောင်လံဖြစ်ပါသည်။ သာသနာတော် အောင်မြင်ထွန်းကားရေးအတွက် ထိုအောင်လံ တလွင့်လွင့်နှင့် ရဲရဲရင့်ရင့် ခရီးဆက်သွားရမှာဖြစ်ပါသည်။ သံဃာများသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို အလှူရှင်ဒကာများအပေါ်တွင် မှီခိုနေရသည်။ သင်္ကန်းလှူရ၍ ဒကာများမှာလည်း ဝမ်းသာကြသည်။ သင်္ကန်းအလှူများကြောင့် သံဃာတော်များမှာလည်း သင်္ကန်းပြည့်စုံ စိတ်ချမ်းသာမှုရကြသည်။ ပြည့်စုံရုံမက အလျှံပယ် ဖြစ်လာသောအခါ သံဃာတော်များက ပြန်လှူတာမျိုးလည်း တွေ့ရသည်။ ကျွန်တော် စလင်းကျောင်းတိုက် ဆရာတော်၏ ဝိဇာတ မွေးနေ့အလှူပွဲသို့ သွားရောက်ဖြစ်ခဲ့သည်။ ဆရာတော်ကိုယ်တိုင် အကုန်အကျခံလှူသော ဆရာတော်၏ အလှူဖြစ်ပါသည်။ ထိုအလှူတွင် ဆရာတော်ကိုယ်ပိုင် စုဆောင်းထားသော သင်္ကန်းအစုံ ၁၃၀ ကို အခြားသံဃာတော်များအား ပြန်လည်လှူဒါန်းခဲ့သည်။ အလှူခံပုဂ္ဂိုလ်များ အလှူရှင်ဖြစ်လာရသည်မှာ ဝမ်းသာသာဓုခေါ်ဖွယ် ကောင်းပါသည်။ ယခုအခါတွင် အလှူခံပုဂ္ဂိုလ်ရဟန်းတော်များ၊ တရားဟောဓမ္မကထိကဆရာတော်များ ပြန်လည်အလှူပေးနေကြသည့် အလှူမျိုးစုံကို တွေ့ကြုံကြည်ညို နေရပါသည်။

ဝါဆိုသင်္ကန်းမြတ် ဆက်ကပ်လှူဒါန်းခြင်းမှာ ဘာသာ၊ သာသနာ စည်ပင်စည်ကားရန် အထောက်အပံ့ ဖြစ်နေသော အစဉ်အလာ ပွဲတစ်ရပ်ဖြစ်ပါသည်။ မြန်မာတို့၏ ထူးခြားသောယဉ်ကျေးမှု၊ မြတ်နိုးဖွယ်ရာ ကြည်ညိုသဒ္ဓါပွားမှုကို တွေ့မြင်ရပါသည်။ ဤကဲ့သို့သော အလှူပွဲမျိုးများက မြန်မာနိုင်ငံတစ်ဝန်း ဆယ့်နှစ်လ၊ ဆယ့်နှစ်ရာသီမှာပင် ရှိနေပါသည်။ မြန်မာတို့ အလှူမှာပျော်မွေ့တတ်ကြပုံ ဖော်ကျူးထားသော သီချင်းလေးတစ်ပုဒ်ကို ကျွန်တော် အမှတ်ရလိုက်မိပါသည်။

'တိုင်းပြည်ဘောင်× သာယာငြိမ်းချမ်းငယ်အေး× × ပေးအလှူ× နိမ့်သူမြင့်သူ× မခွဲခြားမကွဲပြား× လက်ဆုံစားမယ်× လာလေ အတူသွားမယ်× × လှည်းနဲ့တစ်ဖုံ× လှေနဲ့တစ်မျိုး× × ရပ်ကျိုးရွာကျိုး× သယ်ပိုးလှည့်လည်× အမျှဆိုရင်× သာဓုခေါ်တဲ့ လူမျိုးနွယ်× - - ခါညီအလှည့်ကျရယ်× ရာသီဆယ့်နှစ်လဝယ်× ဖြူစင်သဒ္ဓါကြွ× လှူအင်ဒါန× သဒ္ဓါမှုလွန်ကဲ× မြို့ထဲရွာထဲ× သောသောညံ စံမတူဘွယ်× × ×'

ရာသီဆယ့်နှစ်လ တစ်နှစ်ပတ်လုံး အလှူပွဲများ ပြည့်နှက်နေသော မြန်မာနိုင်ငံသည် အလှူနိုင်ငံဟူ၍ပင် ခေါ်ဆိုလောက်ပါသည်။ လူမျိုးကလည်း အလှူအတန်း အလေ့ထုံပွားနေသောလူမျိုး၊ သဒ္ဓါကြည်ဖြူမြတ်သောအလှူကို ဝါသနာတူ လှူနေတတ်သောပုဂ္ဂိုလ်များ ဖြစ်နေသောကြောင့်လည်း စိတ်ထားမွန်မြတ်ချစ်ခင်ဖွယ်ရာ၊ စွဲမက်ဖွယ်ရာဖြစ်နေသော မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ မြန်မာနိုင်ငံဟုဆိုလျှင် ကြည်ညိုသဒ္ဓါပွားဖွယ်ရာ ရွှေတိဂုံဘုရားကြီးရှိသောနိုင်ငံ၊ ၁၂ ရာသီအလှူပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပနေတတ်သောနိုင်ငံ၊ ယဉ်ကျေးဖော်ရွေပြီး စိတ်ကောင်းစိတ်မြတ်များနှင့် အလွန်ပျော်ရွှင်ဖွယ်ရာကောင်းသော နိုင်ငံဟူ၍ ရောက်ဖူးသူတိုင်း၏ စိတ်ဝယ် စွဲမြဲမှတ်သား သွားတတ်ကြသည်ချည်းဖြစ်ပါသည်။ **မေလဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သည့် နာဂစ်ဆိုသည့် သဘာဝမုန်တိုင်းဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကိုလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်၊ စေတနာရှင်၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ညီညီညွတ်ညွတ် ဝိုင်းဝန်းလှူဒါန်းကြ၊ ကူညီကြသည်မှာလည်း မည်မျှအားရဖွယ်၊ ချီးကျူးဂုဏ်ယူဖွယ်၊ သာဓုခေါ်ဖွယ် ကောင်းလိုက်ပါသနည်း။ ယနေ့တိုင်ပင် လှူကြတန်းကြ အရှိန်အဟုန်ကောင်းနေဆဲဆိုတာ အားလုံးမျက်မြင် ကိုယ်တွေ့များပင် မဟုတ်ပါလား။**

ကျွန်တော်တို့သည်လည်း ထိုအလှူအတန်း ယဉ်ကျေးမှုများကြားမှပင် မွေးဖွားကြီးပြင်းလာခဲ့ကြပါ၏။အလှူအတန်းပွဲများမှာပင် အကြိမ်ကြိမ်အခါခါ ဆုံတွေ့ခဲ့ရပြီး တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ကြိုးတွေ အထပ်ထပ် အခါခါ ရစ်ပတ်လာခဲ့ရပါ၏။ ထိုပွဲများတွင် ဆွေမျိုးများ၊ မိတ်သင်္ဂဟများ၊ ညီနောင်ရင်းချာများ ဆုံကြသည်၊ ထမင်းလက်ဆုံစားကြသည်၊ စကားလက်ဆုံ ပြောကြသည်၊ တရားလက်ဆုံပွားကြသည်၊ အမျှဝေကြသည်၊ သာဓုတွေ မြိုင်မြိုင် အတူခေါ်ကြသည်၊ ရပ်ကျိုးရွာကျိုးတွေ ဆောင်ရွက်ကြသည်၊ သဒ္ဓါလုံးလွန်ကဲ မြို့ထဲရွာထဲသောသောညံ စံမတူတဲ့ အလှူပွဲများကြားမှာ ကျွန်တော်တို့ မွေးဖွားလာခဲ့ကြပါ၏။ **ပကာသနဂုဏ် အရှိန်အဝါမဖက်၊ နိမ့်သူမြင့်သူ မကွဲပြား မခွဲခြားဘဲ အတူလာ အတူသွား လက်ဆုံ အတူစားတတ်ကြသော ကျွန်တော်တို့၏ လှူနည်းတန်းနည်း၊ ကုသိုလ်ယူနည်း၊ ပျော်ရွှင်နည်းနှင့် မိတ်ဆုံစားပွဲများသည် မည်မျှအပြစ်ကင်းစင်၍ မည်မျှချစ်စရာ ကောင်းလိုက်ပါလေသနည်း။**

ကျွန်တော်တို့ အမြတ်ဆုံး ကိုးကွယ်ရာဖြစ်သော စေတီဘုရားဂူကျောင်းပြာသာဒ်ကလည်း ပေါများလှသည်။ တရားရတနာအနေဖြင့်လည်း ကမ္ဘာ၌ အကြီးဆုံးစာအုပ်ကြီးဟူ၍ပင် ဂုဏ်ယူအပ်သည့် ပိဋကတ်စာပေများရှိနေသည်။ တရားရိပ်သာ၊ တရားပွဲများကလည်း နေရာအနှံ့။ ကြည့်လိုက်တိုင်း ဝင်းဝါထိန်နေသော သံဃာတော်များကလည်း ဖူးမြော်မဆုံးရှိနေချေသည်။ ဤကဲ့သို့ နေပျော်လှသောနိုင်ငံမျိုး အဘယ်မှာရှိနိုင်တော့အံ့နည်း။

ကိုယ့်နိုင်ငံ ကိုယ်ချစ်မြတ်နိုးသည်၊ ကိုယ့်နိုင်ငံ၏ အစဉ်အဆက်သယ်ဆောင်လာခဲ့သော ယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားသည်။ ထိုယဉ်ကျေးမှုများကြား ကြီးထွားလာခဲ့ရသော ကိုယ့်အဖြစ်၊ ကိုယ့်ဘဝကို ကျေနပ်သည်။ အခြားယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှာကို စိုးရိမ်သည်၊ လူငယ်များ အတုခိုးမှား၊ နိုင်ငံခြားအထင်ကြီး၊ ကိုယ့်ကိုယ်ကိုယ် အထင်သေးသွားမည်ကို အစိုးရိမ်ဆုံးဖြစ်သည်။ ဒီတော့ ကိုယ့်ရဲ့ချစ်စရာ အမွေအနှစ်များကို ဘာသာသာသနာ ယဉ်ကျေးမှုအဖြာဖြာ အမျိုးသားလက္ခဏာများ မေ့မှိန်မသွားဖို့ဆိုလျှင် အရေးအကြီးဆုံးသော အခြေခံတရားမှာ မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်ပါသည်။ ကိုယ့်အမျိုးကို ခြေစုံကန်၍ သူများအကျိုးကို မျက်နှာလိုအားရ ရယ်ပြ၊ ပြုံးပြ၊ လက်ဖြန့်ခံပြ၍ တောင်းခံနေကြမည့်အစား ကိုယ့်အချင်းချင်း စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ကြိုးစားသွားရန် လိုအပ်လှသည်။

ဝါဆိုသင်္ကန်းမြတ် ဆက်ကပ်လှူဒါန်းပွဲများက ကျွန်တော်တို့၏ နူးညံ့သိမ်မွေ့လှသော အမျိုးသားလက္ခဏာများကို မွေးဖွားပေးသည်။ သံယောဇဉ်ကြီးမားလှသော စုံမက်ချစ်ခင်မှုများကိုလည်း တွေ့မြင်နေရသည်။ **ပြင်ပကမ္ဘာ၌ ဝိသမလောဘများ အတောမသတ်ဖြစ်နေကြချိန် ကျွန်တော်တို့က ပေးလှူစွန့်ကြဲနေသည်။ သူများတွေ ဒေါသမီး တဟုန်းဟုန်းနှင့် အမုန်းစစ်ပွဲများ ခင်းကျင်းနေကြချိန် ကျွန်တော်တို့က နှလုံးသွင်းကောင်းကောင်းနှင့် ငြိမ်းအေးချမ်းသာ မေတ္တာဘာဝနာတွေ စီးဖြန်းလို့နေခဲ့ကြသည်။ သူများတွေ ပူလောင်နေကြသော်လည်း ကျွန်တော်တို့ အေးချမ်းနေကြသည်။ သူတို့တွေ ဆူပူသွေးကွဲနေကြသော်လည်း ကျွန်တော်တို့က ညီညီညွတ်ညွတ်နှင့် စည်းဝေးပွဲကြီးများ၊ ညီလာခံကြီးများ၊ လှူပွဲတန်းပွဲကြီးများ လုပ်နေခဲ့ကြသည်။ ဒါ ကျွန်တော်တို့၏ အလှူဒါန အလေ့အကျင့်များက ပေးလိုက်သော အမွေတွေပါပဲ။ ဒါကြောင့် ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ် ပွဲမြတ်အခါမှာ ကျွန်တော် ငြိမ်းအေးရာ နေရာတစ်ခုကို မြင်လိုက်မိသည်။**

ကောက်ကျစ်လိမ်လည် ရိုင်းစိုင်းမှုတွေ၊ အကြမ်းဖက်မှုတွေ ပြည့်လျှမ်းနေသော ကမ္ဘာမှာ ငြိမ်းအေးရာ နေရာဆိုသည်မှာ အဘယ်နေရာပါနည်း။ ထိုနေရာဆိုသည်မှာ မင်္ဂလာတရားများ လေးစား၊ ကိုယ်ကျင့်တရားများ ကောင်းမွန်၊ ပေးလှူ စွန့်ကြဲမှုတွေ ခြိမ့်သဲ၊ ရင်ထဲက ဓမ္မတရား တွေနှင့် ကိုယ့်အစဉ်အလာများကို စောင့်ရှောက်ထိန်းသိမ်းကာကွယ်နေသော နေရာသာလျှင် ဖြစ်လိမ့်မည်ဟု တင်ပြလိုက်ရပါသည်။ ။

ကမ္ဘာ၌ ဝိသမလောဘများ အတောမသတ်ဖြစ်နေကြချိန် ကျွန်တော်တို့က ပေးလှူစွန့်ကြဲနေသည်။ သူများတွေ ဒေါသမီး တဟုန်းဟုန်းနှင့် အမုန်းစစ်ပွဲများ ခင်းကျင်းနေကြချိန် ကျွန်တော်တို့က နှလုံးသွင်း ကောင်းကောင်းနှင့် ငြိမ်းအေးချမ်းသာ မေတ္တာဘာဝနာတွေ စီးဖြန်းလို့ နေခဲ့ကြသည်။ သူများတွေ ပူလောင်နေကြသော်လည်း ကျွန်တော်တို့ အေးချမ်းနေကြသည်။ သူတို့တွေ ဆူပူသွေးကွဲနေကြသော်လည်း ကျွန်တော်တို့က ညီညီညွတ်ညွတ်နှင့် စည်းဝေးပွဲကြီးများ၊ ညီလာခံကြီးများ၊ လှူပွဲ တန်းပွဲကြီးများ လုပ်နေခဲ့ကြသည်။ ဒါ ကျွန်တော်တို့၏ အလှူဒါန အလေ့အကျင့် များက ပေးလိုက်သော အမွေတွေပါပဲ။ ဒါကြောင့် ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ် ပွဲမြတ်အခါမှာ ကျွန်တော် ငြိမ်းအေးရာ နေရာတစ်ခုကို မြင်လိုက်မိသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၀

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊သမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ရရှိသူ မောင်ဟိန်းနန္ဒာအောင်နှင့် သုံးဘာသာဂုဏ်ထူးရရှိသူ မသီဂီကျော်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သုံးဘာသာဂုဏ်ထူးဆုရရှိသူ မပိုးသဥ္ဇာဦးနှင့် မောင်ဟိန်းထက်အောင်တို့အား လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဦးဆောင်ညွှန်ကြားရေးမှူးတို့က နှစ်ဘာသာဂုဏ်ထူးနှင့် တစ်ဘာသာဂုဏ်ထူး ရရှိသူတို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်း သား၊ သမီး ၆၈ ဦး အောင်မြင်ပြီး ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သူမှာ ၁၀ဦး ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ လေဘေးသင့်ပြည်သူများအတွက် အလှူရှင် World Vision Myanmar National Director Mr. JAMES LTUMBUAN နှင့် အဖွဲ့က အမေရိကန်ဒေါ်လာ ၃၉၉၈၅ တန်ဖိုးရှိ တစ်ဦးချင်းသုံး ရေသန့်ကိရိယာနှင့် မိသားစုသုံးရေသန့်ကိရိယာ ၃၁၉၇ စုံကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၀၈ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် အခမ်းအနားကို ဩဂုတ် ၆ရက်တွင် ရန်ကုန်မြို့ရှိသူနာပြုတက္ကသိုလ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အမှာစကား ပြောကြားပြီး ၂၀၀၈ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး အထိမ်းအမှတ် ဉာဏ်စမ်းပြိုင်ပွဲတွင်ဆုရရှိသူများအားဆုများကိုပေးအပ်ချီးမြှင့်သည်။

(အောက်ဝဲပုံ)

ထို့နောက် ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီးမှ သားဖွား/မီးယပ် အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်စံအေးကြည်က ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးအထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော မိခင်နို့ စနစ်တကျ တိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြောင်း သိရှိရသည်။ (သတင်းစဉ်)

Nelson English Language Centre မှ Cambridge Young Learners' Exams စာမေးပွဲ အောင်မြင်သူများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၀

Nelson English Language Centre (NELC) တွင်တက်ရောက်ပညာသင်ကြားခဲ့ပြီး Cambride Young Learners' Exams များ၌ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ဆရာ Nelson က အမှာစကားပြောကြားပြီး Exam Services Manager ဦးကျော်ထင်က Cambridge Young Learners' Exams များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Cambridge Young Learners' Exams များ၌ Starter အတန်း၌ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဒေါက်တာတင်စိန်ကလည်းကောင်း၊ Movers အတန်း၌ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆရာမ ဒေါ်ဝင်ဒီက လည်းကောင်း၊ Flyers အတန်း၌ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆရာ နယ်လဆင်က လည်းကောင်း၊ KET အတန်း၌ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆရာ ဦးကျော်ထင်က လည်းကောင်း အောင်လက်မှတ်နှင့်ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ယင်းနောက် KET အတန်း၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Nelson English Language Centre (NELC) က အသက် ၁၆ နှစ်နှင့်အထက် ကလေးများအတွက် သင်တန်းခွဲ အမှတ်(၁)ကို စမ်းချောင်းမြို့နယ် မြေနီကုန်း ဓမ္မာရုံလမ်း အမှတ် ၅၃၊ ဖုန်း-၅၃၄၂၈၇၊ ၅၀၄၄၉၃၃၌လည်းကောင်း၊ အသက် ၁၆နှစ် အထက်နှင့် ငါးနှစ်မှ ၁၅ နှစ်အထိ ကလေးများအတွက် သင်တန်းခွဲအမှတ်(၂)ကို ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း MGW တာဝါ အခန်းအမှတ် ၂၀၂ ဖုန်း-၂၅၆၅၁၇ ၌လည်းကောင်း၊ အသက်သုံးနှစ်မှ ၁၅နှစ်အထိ ကလေးများအတွက် သင်တန်းခွဲ အမှတ်(၃)ကို စမ်းချောင်းမြို့နယ် သပြေညိုလမ်း အမှတ်(၃) ဖုန်း-၅၁၀၆၁၂ ၌ လည်းကောင်း ဖွင့်လှစ်ကာ ကလေးများအား အင်္ဂလိပ်စကားကို အရေး၊ အဖတ်၊ အပြောနှင့် နားထောင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်အောင် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

Nelson English Language Centre တွင် တက်ရောက်ပညာ သင်ကြားခဲ့ပြီး Cambridge Young Learners' Exams ၌ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆု ချီးမြှင့်ပွဲတွင် ဆရာ Nelson က Flyers အတန်း၌ အောင်မြင်ခဲ့ သော ကျောင်းသား တစ်ဦးအား အောင်လက်မှတ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပဲခူးမြစ်ရေနှင့် ရွှေကျင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

ပဲခူးမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၈၈၂စင်တီမီတာသို့ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ သို့ ရောက်နိုင်ဖွယ်ရာရှိကြောင်း သိရသည်။

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၃၅စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၅စင်တီမီတာ (၁ဒသမ ၁ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်ရိပ်သာဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာနေ ဦးကျော်မင်းသော်-ဒေါ်မြကျော့ဇင်၊သမီးမကေဇင်သော် မိသားစုက အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ နာယက ကမ္မဋ္ဌာနာစရိယ၊မဓ္ဓကထိက ဆရာဦးသိန်းဆွေ(နေဖြူ) လက်ခံယူစဉ်။ (ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ရန် ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်လေကြောင်းလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၃၀ တွင် ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျူကျောက်ချီ၊ ယူနန်ပြည်နယ်နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အမျိုးသမီးငယ်တစ်ဦးနှင့် ယူနန်ပြည်နယ်မှ အမျိုးသမီးငယ် တစ်ဦးတို့က ဂုဏ်ပြုပန်းစည်းတို့ကို ဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကျူကျောက်ချီက BEST LOUNGE ဧည့်ခန်းမ၌ ညစာဖြင့် တည့်ခင်းဧည့်ခံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်တွင် တရုတ်လေကြောင်းဖြင့် ပေကျင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ ည ၁၂ နာရီတွင် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကိုယ်စား နိုင်ငံတော် လယ်ယာမြေနှင့် သယံဇာတ ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ဆွေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကိုယ်စား နိုင်ငံတော် လယ်ယာမြေနှင့် သယံဇာတ ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ဆွေရန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင် နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခေတ္တတည်းခိုမည့် ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ (Diao Yu Tai State Guest House)သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

(သတင်းစဉ်)

အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်

နေပြည်တော် ဩဂုတ် ၁၀

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Intercontinental ဟိုတယ်၌ ကျင်းပသော (၂၆)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

(၂၆) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးကို ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Lt.Gen. Poonpiron Liptapanlop က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် H.E.Dr. Surin Pitsuwan နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Somchai Wongsawat တို့က အဖွင့်အမှာစကား ပြောကြားကြကာ အစည်းအဝေးကို ဖွင့်လှစ်သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံ စွမ်းအင်ဝန်ကြီးများ၊ အာဆီယံ ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သော တရုတ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ၊ အရှေ့အာရှနိုင်ငံများဖြစ်သော အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ တက်ရောက်ကြကာ သဘာပတိအဖြစ် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Lt.Gen. Poonpiron Liptapanlop နှင့် ပူးတွဲသဘာပတိအဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့က ဆောင်ရွက်ကြသည်။

သဘောတူညီ

အစည်းအဝေးတွင် အာဆီယံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်၊ စွမ်းအင် ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး၊ ကျောက်မီးသွေးကဏ္ဍ၊ ဒေသတွင်းစွမ်းအင်ဆိုင်ရာ မူဝါဒနှင့်စီမံရေး၊ နျူကလီးယား စွမ်းအင် စိတ်ချလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ၂၀၁၀-၂၀၁၅ကို အတည်ပြုကြကာ အာဆီယံရေနံဖူလုံရေး သဘောတူညီချက်နှင့် အရေးပေါ်တုံ့ပြန်မည့် စီမံချက်များကို အနီးကပ်ဆုံး အာဆီယံထိပ်သီးအစည်းအဝေးများ၌ လက်မှတ်ရေးထိုးကြရန် သဘောတူဆုံးဖြတ်ကြသည်။

၂၀၀၉ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးကို အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက လက်ခံကျင်းပမည်ဖြစ်ကြောင်းကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက အတည်ပြု ရှင်းလင်းပြောကြားပြီး အစည်းအဝေးမှ သဘောတူ ဆုံးဖြတ်ကြသည်။

အတည်ပြု

ယင်းနေ့ မွန်းလွဲပိုင်းတွင် (၅)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အရှေ့အာရှ သုံးနိုင်ငံမှ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးတို့ကို ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် ၂၀၀၇-၂၀၀၈ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် ၂၀၀၈-၂၀၀၉ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ စွမ်းအင်ထိရောက် သုံးစွဲရေးနှင့် ဇီဝလောင်စာဆီ အသုံးချရေး၊ စွမ်းအင်စျေးကွက်တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး စွမ်းအင်ဝန်ကြီးများ၏ ပူးပေါင်းကြေညာချက်စာတမ်းကို အတည်ပြုကြသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်၍ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုပေးပွဲအခမ်းအနားကို ထိုင်းဘုရင့်ရေတပ်မတော် ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်ပြီး စွမ်းအင်ဆိုင်ရာ စီမံခန့်ခွဲမှု ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိပြီး စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၆)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်စဉ်။

(စွမ်းအင်)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါ

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် အား တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင် သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာယန်ကျိချီ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ဥက္ကဋ္ဌ Mr. ZHANG PING၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. CHEN DEMING ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူး Mr. QIUXIAO XIONG နှင့် အဆင့်မြင့် အရာရှိ ကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ပြောကြားရာ၌ အဆွေတော် ဝန်ကြီးချုပ်ကိုယ်တိုင် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးသည့်အတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်ခြင်းသည် နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိသည် အဆွေတော် ဝန်ကြီးချုပ်နှင့်အတူ တရုတ်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးကို ဆက်လက်၍ ပိုမိုတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းသွားရန် ဆန္ဒရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပဏာမနှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ (၂၉)ကြိမ်မြောက် ပေကျင်းအိုလံပစ်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေါင်းဆောင်များ၊ အစိုးရနှင့် ပြည်သူပြည်သားများအနေဖြင့် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း ပြောကြားလိုကြောင်း။

ဆက်လက်၍ မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းနှင့် ပတ်သက်၍ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးဆောင်ရွက်ပြီးစီးမှုနှင့် နှစ်နိုင်ငံစီးပွားရေး လူမှုရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိဂုံးချုပ်အနေဖြင့် အဆွေတော် ဝန်ကြီးချုပ်နှင့်တကွ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ခေါင်းဆောင်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် အတွက်လည်းကောင်း၊ တရုတ်

မစ္စတာ အာလွတ်ခ်ဆန်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ ဘာစကားကူးမားမီထရာ၏နေရာတွင် မစ္စတာ အာလွတ်ခ်ဆန်အား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာ အာလွတ်ခ်ဆန်သည် ၁၉၅၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး အင်္ဂလိပ်စာပေ ဘာသာရပ်ဖြင့် ဘွဲ့လွန်ဘွဲ့ရရှိခဲ့သည်။ မစ္စတာ အာလွတ်ခ်ဆန်သည် ၁၉၇၆ ခုနှစ်တွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနနှင့် အန်ကာရာ၊ ဒါကာ၊ အော်တာဝါ၊ အယ်ဂျီးယားစ်နှင့် တက်ရှ်ကန်မြို့များရှိ အိန္ဒိယသမ္မတနိုင်ငံ သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ပြည်ပရေးရာဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တူရကီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

...ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ...သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ... မစ္စတာ ဝမ်ကြားပေါင်အား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

...နိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့ ...ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် အား ဩဂုတ် ၈ ရက် နံနက် ၁၀နာရီခွဲ ...တနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဟောင်ကောင်ခန်းမသို့ ...က်သည်။

ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိသည် အဆွေတော် ဝန်ကြီးချုပ်နှင့်အတူ တရုတ်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးကို ဆက်လက်၍ ပိုမိုတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းသွားရန် ဆန္ဒရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပဏာမ နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ (၂၉)ကြိမ်မြောက် ပေကျင်းအိုလံပစ်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေါင်းဆောင်များ၊ အစိုးရနှင့် ပြည်သူပြည်သားများအနေဖြင့် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း ပြောကြားလိုကြောင်း။

ဆက်လက်၍ မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းနှင့် ပတ်သက်၍ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးဆောင်ရွက်ပြီးစီးမှုနှင့် နှစ်နိုင်ငံစီးပွားရေး လူမှုရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိဂုံးချုပ်အနေဖြင့် အဆွေတော် ဝန်ကြီးချုပ်နှင့်တကွ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ခေါင်းဆောင်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်အတွက်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူများ ဆက်လက် စည်ပင်သာယာဝပြောစေရန်အတွက်လည်းကောင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆုမွန်ကောင်းများ တောင်းလိုက်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဟောင်ကောင်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဟောင်ကောင်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

...ဓ်ဆန်အား မြန်မာနိုင်ငံဆိုင်ရာ ...ံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

...တော် ဩဂုတ် ၁၁

...ာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ၏ ...င်းခံရသော သံအမတ်ကြီး မစ္စတာ ဘာစကား ... မစ္စတာ အာလွတ်ခ်ဆန်အား ခန့်အပ်ရန် ...က်အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။ ...ဆန်သည် ၁၉၅၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး ...ခွင့် ဘွဲ့လွန်ဘွဲ့ရရှိခဲ့သည်။ မစ္စတာ အာလွတ်ခ် ... အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ...ပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ... အော်တာဝါ၊ အယ်ဂျီးယားစ်နှင့် တက်ရှကန် ... သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန် ...ည် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ပြည်ပ ...က်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၁ ...ရကီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်း ...င်ခဲ့သည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ ... တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

✧ စာမျက်နှာ ၄ မှ

ငွေကျပ် နှစ်သိန်းစီ၊ ဆန်းမြန်မာ ကုမ္ပဏီလီမိတက်နှင့် ဦးမျိုးသန့်-ဒေါ်သန်းသန်းအေး (ဗျိုင်းရေအိုးစင်လမ်း၊ တာမွေ)တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် - သုဓမ္မသီဂီ ဒေါ်ခင်ခင်စိန် (သီရိမင်္ဂလာရိပ်သာ)တို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ ရဲချုပ် ဦးဗဟိန်း(ငြိမ်း)-ဒေါ်ဌေးဌေး (ပါရမီရိပ်သာ)က ငွေကျပ် ၁၀၅၀၀၀၊ ကံဘဲ့ ဈေးသာယာရေးအဖွဲ့က ငွေကျပ် ၁၀၂၅၀၀၊ သီရိသုဓမ္မဇောတိကဓဇ ဒေါက်တာဝင်းဇော် (ဓမ္မာရုံလမ်း၊ ရန်ကင်း)၊ ဦးအောင်သိန်း (ရွှေမိုးအောင် ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဒေါ်စိန်စိန် (အောင်သံဆန်ခါ လုပ်ငန်း)၊ ဦးသန့်ဇင်နိုင် - ဒေါ်သက်ခိုင်စိုး၊ ဦးအောင်မင်း-ဒေါ်ပြုံးနွဲ့၊ ဦးသန့်ဇင်ဝင်း-ဒေါ်သစ်သစ်၊ ဒေါ်စန်းစန်းလွင် မိသားစု၊ ဦးသန်းလွင်-ဒေါ်လွင်လွင်ဦး၊ ဦးဆန်းမင်း (လောကနတ်စင်ဒီကိတ်)၊ ဦးရုံမူး(Green Light)၊ ဦးအောင်စိုးမိုး (ရန်ကင်းမြို့နယ် ဆီကုန်သည်များအသင်း)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ)၊ သုဓမ္မသီဂီ သီဟသုဓမ္မသီဂီ ဒေါ်နုနုငယ် (နုငယ်ဆောက်လုပ်ရေး)၊ ဦးခင်မောင်လတ် - ဒေါ်စောနု၊ ဦးလင်းအောင်ဖေ - ဒေါ်ကြိုင်ကြိုင်လတ်၊ ဗိုလ်မှူးကြီးရွှေမျိုး-ဒေါ်မြင့်မြင့်စိန်၊ ဒုတိယရဲမှူး ဒေါ်ဌေးဌေးညွန့် မိသားစု၊ ဦးအောင်ဇော်မြင့်-ဒေါ်ဝင်းဝင်းထွေးနှင့် ဦးခင်ထွန်း-ဒေါ်ခင်ဟုပ်တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်းငွေကျပ် ၁၀၂၂၆၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွေးက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမ(ကျိုက်ပိ) စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရန်ကင်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၂၂၃ အိတ်၊ ဆီ ၁၂၇ ပိဿာ၊ အိုင်အိုဒင်းဆား ၁၂၇၁ ပိဿာ၊ သွားတိုက်ဆား ၂၅၄ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၂၀၆၇ ဘူး၊ ပဲ ၂၅၄ ပိဿာ ၂၀ ကျပ်သား၊ ငရုတ်သီးမှုန့် အထုပ် ၅၀၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေ ကျပ် ၁၀၂၂၆၅၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	တေးဂီတအစီအစဉ်
၈း၁၅	၇။	အဆိုပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၅	၉။	ချစ်စရာ့အရွယ်ကကြီးသွယ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အတီးပြိုင်ပွဲ
၄း၂၀	၃။	အကပဒေသာ
၄း၃၀	၄။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၄၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၀	၆။	အကပြိုင်ပွဲ
၅း၀၀	၇။	တေးဂီတအစီအစဉ်
၅း၁၅	၈။	**"ရှင်သန်ခြင်း" (မင်းဟိဏ်း၊ ဆုပန်ထွာ) (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)**
၅း၃၀	၉။	နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၄၅	၁၀။	တေးဂီတအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	အဆိုပြိုင်ပွဲ
၆း၄၅	၁၄။	အလှရှာမယ် လှကမ္ဘာဝယ်
၇း၀၅	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မယားများနှင့် လှည့်ကွက်" (အပိုင်း-၁၉)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့" (အပိုင်း-၁၉)**
	၂၀။	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မင်္ဂလာ၊ ဖိုလ်တားအန္တရာယ်များ"တရားတော်(ပထမပိုင်း) (ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)
၇း၄၅ - ၁း၄၅	မြန်မာ့လက်မှု ယွန်းအနုပညာ
၈း၁၀ - ၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅ - ၂း၁၅	လျှပ်စစ်အန္တရာယ်အသိပညာနှင့်ကာကွယ် (ဦးပြည်စိုးနှင့်တွေ့ဆုံခြင်း)
၈း၄၀ - ၂း၄၀	ရွှင်မြူးသီကြွေးကဗျာတေး (ပါးကွက်လေးနဲ့ မနှင်းဆီ)
၈း၄၅ - ၂း၄၅	မိုးကြယ်စင်ရဲ့စွမ်းဆောင်ချက်ပညာရေးအတွက်
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ "ဆီးကျောက်တည်ခြင်းအကြောင်းအရင်း"(အပိုင်း-၂) (ပါမောက္ခဒေါက်တာဦးတိုးလွင်နှင့်တွေ့ဆုံခြင်း)
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	Man And The Elephant (အပိုင်း-၂)
၁၀း၁၅ - ၄း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ - ၄း၂၀	လှပသစ်ဆန်းအလှပြင်ခန်း (Fancy House Hair & Beauty Saloon)
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅ - ၅း၀၅	ဆန်းပြားအသွင်မြန်မာ့ကြယ်ဆင်
၁၁း၂၀ - ၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	ချောင်းကမ်းဘေးကရွာကလေး (နွဲ့နွဲ့စန်း၊ ထင်ပေါ်၊ တြီကို၊ သဇင်) (ဒါရိုက်တာမြင့်စိုး (ဝ/သ၊ ရန်ကုန်)
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ဟော့ပေါ့ချက်ပြုတ်နည်း)
၁၂း၁၀ - ၆း၁၀	သီးပွင့်ဝေဆာပဒေသာ (ကွဲကော)
၁၂း၂၀ - ၆း၂၀	VJ Choice
၁၂း၄၀ - ၆း၄၀	Activities In The City (လှိုင်သာယာမြို့နယ် ရွှေရင်အေးဘုရား အလှူငွေပေးအပ်ပွဲ)
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၄း၀၀	**Beijing Olympic 2008** အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဟာဟိုဝါခရိုင်၌မုန်တိုင်းတိုက်ခတ်ပြီး ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခြင်းကြောင့် ဒေသခံပြည်သူများ ရေဘေးလွတ်ရာသို့ရွှေ့ပြောင်းနေသည်ကို ဩဂုတ် ၉ရက်က တွေ့ရစဉ်။

[အဆိုပါ ရေလွှမ်းမိုးမှုကြောင့် အနည်းဆုံး ၁၂၅ဦး သေဆုံးခဲ့သည်။] (ဓာတ်ပုံ-အင်တာနက်)

အက်စ်တာစီဆေးပြားများ ဩစတြေးလျ၌ စံချိန်တင် ဖမ်းမိ

ကင်ဘာရာ ဩဂုတ် ၈

ဩစတြေးလျရဲတပ်ဖွဲ့သည်ပြည်နယ်လေးခုအတွင်း မူးယစ်ဆေးဝါးရာဇဝတ်များကို စဉ်ဆက်မပြတ်စစ်ဆင်ရေးဆောင်ရွက်ခဲ့ရာ ကမ္ဘာ့အများဆုံးသော အက်စ်တာစီဆေးပြားများကို သိမ်းဆည်း ရမိခဲ့ကြောင်း၊ လူ ၁၆ ဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

ဩစတြေးလျ ဗဟိုရဲတပ်ဖွဲ့ကရင်းတို့သည် ဆေး ၁၄ ဒသမ ၄တန် သို့မဟုတ် ဆေးပြားအရေအတွက် ၁၅သန်းကို ဖမ်းမိခဲ့သည်။ အဆိုပါဆေးပြားများတွင် ယမန်နှစ် ဇွန်လအတွင်းက တောင်ပိုင်းမြို့တော် မဲလ်ဘုန်းသို့ အီတလီနိုင်ငံမှ တင်သွင်းလာသော အင်ဖက်တမင်း ဆေးပြားများလည်းပါသည်ဟုဆိုသည်။

အကောက်ခွန် အရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များက ကုန်သေတ္တာများကိုစစ်ဆေးရာတွင်တစ်ဘူးလျှင်အလေးချိန် ၁ ဒသမ ၅ ကီလိုဂရမ်ရှိသော ဘူးပေါင်း ၃၀၀၀ ကျော်ကို တွေ့ရှိသည်။ ဈေးကွက်တွင် ဩစတြေးလျဒေါ်လာ သန်း ၄၄၀ (အမေရိကန်ဒေါ်လာ သန်း ၄၀၀)တန်ဖိုးရှိသော အမ်ဒီအမ်အေ ဆေးပြားများပါဝင်သည်ဟု ရဲတပ်ဖွဲ့က ရိုက်တာသို့ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ချက်၌ ရထားမတော်တဆမှုဖြစ်ပွား ၁၀ ဦး သေဆုံး ၁၀၀ ဒဏ်ရာရ

ပရာဟာ ဩဂုတ် ၈

ချက်နိုင်ငံတွင် နိုင်ငံတကာသို့ ပြေးဆွဲနေသော အမြန်ရထားတစ်စင်းသည် ဩဂုတ် ၈ ရက်က ပြိုကျနေသော တံတားကို တိုက်မိရာ ၁၀ဦးသေဆုံးပြီး အနည်းဆုံး လူ ၁၀၀ ထိ ခိုက်ဒဏ်ရာ ရရှိသည်ဟု သိရသည်။

ယူရိုစီးတီး အမြန်ရထားသည် ပိုလန်နိုင်ငံ ကရာကောမြို့မှ ချက်နိုင်ငံမြို့တော်ပရာဟာသို့တစ်နာရီလျှင် ကီလိုမီတာ ၁၄၀ နှုန်းဖြင့် မောင်းနှင်လာစဉ် ယင်းသို့တိုက်မိခြင်း ဖြစ်သည်။ ကရာကောမြို့မှ ပရာဟာမြို့သို့ မောင်းနှင်လာသည့် အဆိုပါ နိုင်ငံတကာအမြန်ရထားသည် စတူဒန်ခါမြို့တွင် လမ်းပေါ်သို့ ပြိုကျနေသော တံတားနှင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု ချက်နိုင်ငံမီးရထားဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရာဒက်စ်ဂျိကလီစ်က ပြောကြားသည်။

၁၀ဦးသေဆုံး

အဆိုပါ ရထားတိုက်မှုတွင်၁၀ ဦး သေဆုံးခဲ့ပြီး ပရာဟာမြို့မှကီလိုမီတာ ၃၅၀ အကွာရှိ စတူဒန်ခါမြို့တွင် ဖြစ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အခင်းဖြစ်ပွားရာနေရာမှာ ချက်နိုင်ငံအရှေ့ဘက် အိုစထရာဗာမြို့နှင့် ပိုလန်နယ်နိမိတ်နှင့်လည်း နီးကပ်နေကြောင်းၡင်းကထပ်မံပြောကြားသည်။

ကယ်တင်နိုင်

ယင်းရထားတိုက်မှုတွင် လူပေါင်းများစွာလည်း ထိခိုက်ဒဏ်ရာရရှိကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူ ဒေးဗစ်ပရီဒယ်က ပြောကြားသည်။ သေဆုံးသူ အရေအတွက် ပိုနိုင်သော်လည်း ကယ်ဆယ်ရေးသမားများက အသက်ရှင် ကျန်ရစ်သူများကို ကယ်တင်နိုင်ရန် အာရုံစိုက်နေရသည့်အတွက်မည်မျှသေဆုံးသွားသည်ဆိုသောအရေအတွက်ကို အတိအကျဖော်ပြနိုင်ခြင်း မရှိကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဗုံးပါသည်ဟု ခြိမ်းခြောက်မှုကြောင့် တရုတ်လေယာဉ် ဂျပန်သို့လှည့်ပြန်ခဲ့ရ

တိုကျို ဩဂုတ် ၈

သောကြာနေ့က ဂျပန်နိုင်ငံအလယ်ပိုင်းမှပျံသန်းလာသောအဲယားချိုင်းနားလေယာဉ်တစ်စင်းသည် လေယာဉ်ပေါ်တွင် ဗုံးတစ်လုံးပါသွားသည်ဟု ခြိမ်းခြောက်ခြင်းကြောင့် ဂျပန်သို့လှည့်ပြန်ခဲ့ရကြောင်း၊ အဆိုပါ ခြိမ်းခြောက်သည့် အီးမေးလ်တွင် ပေကျင်းအိုလံပစ်အားကစားပွဲတော် ကျင်းပရာနေရာ၌လည်း တိုက်ခိုက်မည်ဟု ရေးသားထားကြောင်း ဂျပန်ရဲတပ်ဖွဲ့နှင့် သတင်းဌာနများက ပြောကြားသည်။

ဂျပန်ဘာသာဖြင့် ရေးသားထားသော အီးမေးလ်တွင် ပေကျင်းမြို့ အိုလံပစ်အားကစားပွဲများ ကျင်းပရာနေရာအားကစားကွင်း တည်ရှိရာ ကျုံကွမ်မြို့သို့ပျံသန်းသော လေယာဉ်တစ်စင်းကို ဖောက်ခွဲမည်ဟု ပါဝင်သည်။

ဂျပန်နိုင်ငံအလယ်ပိုင်း နိုင်ငံတကာလေဆိပ်တွင် အဲယားချိုင်းနားမှ စီအေ ၄၀၆ သည် အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ခဲ့သည်ဟု လေဆိပ်ရဲတပ်ဖွဲ့ကပြောကြားသည်။

ခရီးသည်နှင့် ဝန်ထမ်းများ စုစုပေါင်း ၇၁ ဦး ထိခိုက်မှုမရှိကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် လေယာဉ်ကို စစ်ဆေးနေရာ ယခုအချိန်ထိ သံသယဖြစ်စရာ မည်သည့်အရာမှ မတွေ့ရှိကြောင်း၊ သတင်းစာများ၊ ရေဒီယိုနှင့် ရုပ်မြင် သံကြားတို့တွင် ဖော်ပြသည်။

ထိုခြိမ်းခြောက်မှုကြောင့် သောကြာနေ့တွင် ဂျပန်မှ ထွက်ခွာမည့်အဲယားချိုင်းနားလေယာဉ်ငါးစင်းသည် နှောင့်နှေးကြန့်ကြာခဲ့ရကြောင်းဂျပန်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်တွင် တိုက်ပွဲဖြစ်ပွား၊ စစ်သွေးကြွ ၇၀သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့နှင့် တာလီဘန် စစ်သွေးကြွများ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့ရာ စစ်သွေးကြွအနည်းဆုံး ၇၀ သေဆုံးပြီး အခြား ၆၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်းဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက သောကြာနေ့တွင် ထုတ်လွှင့်ပြသသွားသည်။

အစိုးရတပ်ဖွဲ့အနေဖြင့် စစ်သွေးကြွများ ခိုအောင်းနေထိုင်ရာ အာဂျီရာဒေသကို အဓိက ပစ်မှတ်ထား၍ တိုက်ခိုက်ရေး ရဟတ်ယာဉ်များကို အသုံးပြုကာ မောင်းပြန်လက်နက်များဖြင့် တရစပ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ဂျီအိုရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သွားသည်။

တာလီဘန်များကမူ ၎င်းတို့အနေဖြင့် ဗုဒ္ဓဟူးနေ့က စတင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် အစိုးရတပ်ဖွဲ့ဝင် ၁၀ဦးကို သုတ်သင်နိုင်ခဲ့ပြီး အခြား ၁၀ဦးကို ဖမ်းဆီးနိုင်သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ပါကစ္စတန် အစိုးရအဖွဲ့သည် ပါကစ္စတန် အနောက်မြောက်ပိုင်းရှိ စစ်သွေးကြွများ ခိုအောင်းရာနေရာများကို မကြာသေးမီက စတင်၍ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တီဘီလီစီမြို့မှ၉၅ကီလိုမီတာအကွာ အော်ဂနက်တီမြို့ အနီးရှိ တောင်အော်ဆက်တီးယားရန်သူစခန်းများကို ဂျော်ဂျီယာတပ်ဖွဲ့များက ဒုံးကျည်များဖြင့် ပစ်ခတ်နေသည်ကို ဩဂုတ် ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီကာရာဂွါ၌ ကိုကင်းနှစ်တန်ဖမ်းမိ

မာနာဂွါ ဩဂုတ် ၈

နီကာရာဂွါနိုင်ငံ ကာရစ်ဘီယံ တောင်ဘက်၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စစ်ဆင်ရေးပြုလုပ်စဉ် ကိုကင်းနှစ်တန် ဖမ်းဆီးရမိကြောင်း နီကာရာဂွါစစ်ဘက်ကကြာသပတေးနေ့တွင် ပြောကြားသည်။

နီကာရာဂွါ စစ်ဘက်က မူးယစ်မှောင်ခိုများအား တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မူးယစ်မှောင်ခို နှစ်ဦးအားဖမ်းဆီးရမိခဲ့သည်။

ဩဂုတ် ၆ ရက်က စတင်သည့် စစ်ဆင်ရေးတွင် အထူးအဖွဲ့မှ ၇၉ ဦးခန့်ပါဝင်ကြောင်းစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်တွင်းရေဒီယို ထုတ်လွှင့်တင်ဆက်သူတစ်ဦး ဖိလစ်ပိုင် အလယ်ပိုင်း၌ သေနတ်ပစ်ခံရ၍ သေဆုံး

မနီလာ ဩဂုတ် ၈

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသတွင် မော်တော်ဆိုင်ကယ်စီး သေနတ်သမားနှစ်ဦးက ပြည်တွင်းရေဒီယို တိုက်ရိုက်ထုတ်လွှင့်တင်ဆက်သူ တစ်ဦး အားပစ်သတ်ခဲ့ကြောင်း ကြာသပတေးနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် ရက်သတ္တပတ်အတွင်း သတင်းသမားတစ်ဦး ဒုတိယအကြိမ် ပစ်ခတ်ခံရခြင်းဖြစ်ပြီး ယခုနှစ်အတွင်း သတင်းစာဆရာသုံးဦးမြောက်သေဆုံးရခြင်းဖြစ်သည်။

ပါနေကျွန်းပေါ်ရှိ ရိုဆက်မြို့တွင် ဩဂုတ် ၆ရက်က အသက် ၃၇နှစ်ရှိ မာတင်ရိုဇက်သည် အလုပ်မှ အိမ်သို့ပြန်လာစဉ်သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အမေရိကန်နိုင်ငံသား ရာခိုင်နှုန်း ၄၀ သာ အိတ်ချ်အိုင်ဗွီရှိမရှိ စမ်းသပ်ပြီးစီး

ဝါရှင်တန် ဩဂုတ် ၈

အမေရိကန်ပြည်ထောင်စုတွင် လူတိုင်းနီးပါးအိတ်ချ်ဗိုင်းရပ်ရှိမရှိ စမ်းသပ်စစ်ဆေးရန် ကြိုးပမ်းမှုသည် တုံ့ဆိုင်းနေပြီး နိုင်ငံအတွင်းမှ အရွယ်ရောက်ပြီးသူ ရာခိုင်နှုန်း ၄၀ သာ ရောဂါရှိ၊ မရှိ စမ်းသပ်နိုင်ခဲ့ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော အစိုးရ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လူအများအပြား ပိုမိုစမ်းသပ်နိုင်ရန်အတွက် အိတ်ချ်ဗိုင်းရပ် စမ်းသပ်သော နည်းလမ်းအသစ်များ လိုအပ်နေသည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး ဗဟိုဌာနများ (စီဒီစီ)၏ အစီရင်ခံစာတွင် ရေးသားထားသည်။

၂၀၀၆ခုနှစ်တွင် အသက် ၁၈နှစ်မှ ၆၄နှစ်အတွင်း အရွယ်ရောက်သူများ၏ ၄၀ ဒသမ၄ ရာခိုင်နှုန်း (ခန့်မှန်းခြေ လူဦးရေ ၇၁ဒသမ ၅သန်း)သည်သာ အိတ်ချ်အိုင်ဗွီကူးစက်မှု ရှိမရှိစမ်းသပ်ပြီးစီးခဲ့ကြောင်း စီဒီစီ၏ သေဆုံးခြင်းနှင့် ရောဂါဆိုင်ရာ အပတ်စဉ် အစီရင်ခံစာတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံသားများသည် ယခင်ခန့်မှန်းထားသည်ထက် နှစ်စဉ် အိတ်ချ်ရောဂါကူးစက်သူ ပိုမိုများပြားလာနေသည်ဟု စီဒီစီ၏ယခင်အပတ်က အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယခင်က ခန့်မှန်းထားသော အရေအတွက်မှာ ရောဂါရှိနေသူ ၄၀၀၀၀ဖြစ်သော်လည်း လက်တွေ့ကူးစက်သူ အရေအတွက်မှာ ၅၆၀၀၀ရှိသည်ဟုဆိုသည်။ **အမ်အင်အေ၊ရိုက်တာ။**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်ကိုးဦးသေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၈

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ စစ်ဆေးရေးစခန်းတစ်ခုသို့ ညအချိန်တွင် တာလီဘန်များဟု ယူဆရသော လက်နက်ကိုင်များက ဝင်ရောက်တိုက်ခိုက်သဖြင့် အနည်းဆုံးရဲတပ်ဖွဲ့ဝင်ကိုးဦးသေဆုံးသွားကြောင်း နယူးနက်ဝပ် အင်တာနေရှင်နယ် (အင်အင်အိုင်) သတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

အနောက်မြောက်နယ်စပ်ပြည်နယ်၏ ဘူနာနယ်မြေတွင် စစ်ဆေးရေးဂိတ်တစ်ခုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ သည်မော်တော်ယာဉ်တစ်စီးကို ရပ်တန့်၍ ပုံမှန်ပြုမြဲ အတိုင်းရှာဖွေမှုပြုလုပ်ရန် ကြိုးစားစဉ် လက်နက်ကိုင်တာလီဘန်များက ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့ဝင်ကိုးဦးမှာ အဆိုပါနေရာ၌ပင် သေဆုံး ပြီး အချို့မှာ ထွက်ပြေးလွတ်မြောက်ခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု ဇယား

(၁၀-၈-၂၀၀၈)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၆	၂	၀	၈
၂	တောင်ကိုရီးယား	၃	၂	၀	၅
၃	အမေရိကန်	၂	၂	၄	၈
၄	ချက်	၂	၀	၀	၂
၅	အီတလီ	၁	၂	၁	၄
၆	ဂျပန်	၁	၀	၂	၃
၇	ဩစတြေးလျ	၁	၀	၁	၂
၈	စပိန်	၁	၀	၁	၂
၉	နယ်သာလန်	၁	၀	၁	၂
၁၀	အင်္ဂလန်	၁	၀	၀	၁
၁၁	ရိုမေးနီးယား	၁	၀	၀	၁
၁၂	ထိုင်း	၁	၀	၀	၁
၁၃	ရုရှား	၀	၃	၁	၄
၁၄	ပြင်သစ်	၀	၂	၁	၃
၁၅	မြောက်ကိုရီးယား	၀	၁	၂	၃
၁၆	ကျူးဘား	၀	၁	၁	၂
၁၇	ဩစတြီးယား	၀	၁	၀	၁
၁၈	ဟန်ဂေရီ	၀	၁	၀	၁
၁၉	ဆွီဒင်	၀	၁	၀	၁
၂၀	တူရကီ	၀	၁	၀	၁
၂၁	ဗီယက်နမ်	၀	၁	၀	၁
၂၂	ဇင်ဘာဘွေ	၀	၁	၀	၁
၂၃	အယ်ဂျီးရီးယား	၀	၀	၁	၁
၂၄	အာဂျင်တီးနား	၀	၀	၁	၁
၂၅	ဘီလာရုစ်	၀	၀	၁	၁
၂၆	ခရိုအေးရှား	၀	၀	၁	၁
၂၇	ဂျော်ဂျီယာ	၀	၀	၁	၁
၂၈	ဂျာမနီ	၀	၀	၁	၁
၂၉	အင်ဒိုနီးရှား	၀	၀	၁	၁
၃၀	ဆွစ်ဇာလန်	၀	၀	၁	၁
၃၁	တရုတ်(တိုင်ပေ)	၀	၀	၁	၁
၃၂	ဥဇဘက်ကစ္စတန်	၀	၀	၁	၁
	စုစုပေါင်း	၂၁	၂၁	၂၅	၆၇

✻ ရွှေဖုံးမှ

ယဉ်ကျေးမှုနယ်မြေနှင့် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ရာနေရာတစ်ခုအဖြစ် ဖွင့်လှစ်ပေးလိုက်သည်။

ပြင်ဆင်ဖွယ်ရာ အမြောက်အမြားကို တစ်နှစ်ကျော်ခန့် အချိန်ယူမွမ်းမံပြင်ဆင်ပြီးနောက် မြို့တော်၏ အချက်အချာဒေသဖြစ်သော မီတာ ၈၄၀ အရှည်ရှိ ချီအန်မင်းလမ်းကို ခရီးသွားဧည့်သည်များ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည်။ အဆိုပါလမ်းပေါ်တွင် လွန်ခဲ့သောရာစုနှစ်အတွင်းက နာမည်ကျော်ထင်ရှားခဲ့သည့် စျေးဆိုင်တစ်ဒါဇင်ခန့် တည်ရှိခဲ့ရာ တစ်ခေတ်တစ်ခါက နာမည်ကြီးခဲ့သည့် ဘဲကင်ဆိုင်၊ လက်ဖက်ရည်ဆိုင်အချို့မှာလည်း ယခုအခါ ပြန်လည်ဖွင့်လှစ်လာကြသည်။

ချင်မင်းဆက် (၁၆၄၄-၁၉၁၁) ကာလက ခမ်းနားထည်ဝါခဲ့သည့် အခြေအနေများကို ဖော်ထုတ်ထိန်းသိမ်းရန် ရည်ရွယ်၍ တရုတ်အစိုးရသည် အဆိုပါလမ်းကို ယမန်နှစ်မေလက စတင်၍ ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့သည်။

ချီအန်မင်းလမ်းကို ပြန်လည်မွမ်းမံတည်ဆောက်ရာတွင် ၁၉၂၀နှင့် ၁၉၃၀ပြည့်နှစ်များအတွင်း အဆိုပါလမ်းအထွတ်အထိပ်သို့ရောက်ခဲ့စဉ်ကာလက သမိုင်းဝင်ဓာတ်ပုံအမြောက်အမြားကို ပြန်လည်လေ့လာ၍ မှီငြမ်းပြုခဲ့ရကြောင်း ဗိသုကာပညာရှင် ဝမ်ရှီရန်က ပြောကြားသည်။ အဆိုပါလမ်းသည် ပေကျင်းမြို့တော်၏ သမိုင်းဝင်နေရာများဖြစ်သော တီယန်မင်ရင်ပြင်၊ ရှေးဟောင်းနန်းတော်တို့နှင့် တစ်တန်းတည်းတွင် တည်ရှိပြီး တစ်ချိန်က ပျော်ပွဲစားရုံများ၊ ကပွဲရုံများ၊ ပိုးထည်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များဖြင့် စည်ကားခဲ့ကာ ယခုပြန်လည်ပြုပြင် မဖွင့်လှစ်မီအချိန်အထိလည်း စျေးရောင်းစျေးဝယ်ဒေသတစ်ခုအဖြစ် ထင်ရှားခဲ့သည်။

ယခုအခါ ပေကျင်းမြို့တော်တွင် မဟာတံတိုင်းကြီးနှင့် ရှေးဟောင်းနန်းတော်တို့အပြင် မဖြစ်မနေ ကြည့်ရှုလေ့လာရမည့်နေရာအဖြစ် ချီအန်မင်းလမ်းလည်း ပါဝင်လာပြီဖြစ်ကြောင်း၊ အိုလံပစ်ပြိုင်ပွဲကာလတွင် မာရသွန်အပြေးသမားများက အဆိုပါလမ်းတစ်လျှောက်ဖြတ်သန်း၍ ပြိုင်ပွဲဝင်ကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

(ဆင်ဟွာ)

နှစ်(၁၀၀)ပြည့် ကွန်မြူနတီဒိုင်း ဘောလုံးပြိုင်ပွဲ မန်ယူက ပို့စ်မောက်ကို ပယ်နယ်တီဂိုးများဖြင့် အနိုင်ယူ

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ပို့စ်မောက်တို့အသင်းတို့ဟာ နှစ်(၁၀၀)ပြည့် ကွန်မြူနတီဒိုင်းပွဲကို အင်္ဂလန် ဝင်ဘလေကွင်းမှာ ယနေ့ ယှဉ်ပြိုင်ကြရာ မန်ချက်စတာယူနိုက်တက်အသင်းက ပယ်နယ်တီ အပြိုင်ကန်၍ ကွန်မြူနတီဒိုင်းကြီးကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။ (အောက်ပုံ)

ပို့စ်မောက်ဟာ ပယ်နယ်တီလေးလုံးမှာသုံးလုံးမဝင်ခဲ့တာ ဖာဂူဆန်ကို အနိုင်ပေးလိုက်သလိုပါပဲ။ မန်ယူက တစ်ချိန်လုံးလိုလို မွှေနှောက်ကစားခဲ့ပေမယ့် အခွင့်အရေးတွေကို ဖြုန်းတီးခဲ့ကြပါတယ်။ နာနီရဲ့ဖြတ်တင်ဘောကို ဖလက်ချာကန်သွင်းပေမယ့် ဘောလုံးဟာ ဘားတန်းပေါ်ကျော်သွားပါတယ်။ ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိန်းက တီဗက်ဇ်ရဲ့ လှလှပပကန်သွင်းချက်ကို ကာကွယ်သွားနိုင်ခဲ့ပါတယ်။

ဖာဂူဆန်က ဒီပွဲမှာ တီဗက်ဇ်နောက်မှနောက်ချန်တိုက်စစ်မှူးအဖြစ် ဂစ်ကို အသုံးချခဲ့ပေမယ့် ဂစ်က မျှော်မှန်းသလောက် ခြေမပေါ်ခဲ့ပါဘူး။

ဂိုးသွင်းခွင့် အခွင့်အရေးတွေ တစ်သီကြီး ဖြုန်းတီးကြတာဟာ ဖာဂူဆန်ကို တိုက်စစ်မှူး အသစ်တစ်ဦးရှာဖွေဖို့ လိုအပ်နေပြီဆိုတာပြနေတာဖြစ်ပါတယ်။

ပေါ်တူဂီသားနာနီဟာပို့စ်မောက်ရဲ့ ခံစစ်စည်းကြောင်းကို တိုးဖောက်မွှေနိုင်ခဲ့ပေမယ့် ဂိုးတစ်ဂိုးမှမသွင်းခဲ့နိုင်ပါဘူး။

ဂျိန်းစ်ဟာ ဗီဒစ်နှင့် ဂစ်တို့ရဲ့ ကန်သွင်းတဲ့ ဘောတွေကို ဝါရင့်ဂိုးသမားပီသစွာ ကာကွယ်နိုင်ခဲ့ပါတယ်။

နာနီဟာ ပို့စ်မောက်နောက်ခံလူ ဂျွန်ဆင်ထံမှ ဘောလုံးကိုဖြတ်လုလာပြီး ဖလက်ချာဆီသို့ ပို့လိုက်ပါတယ်။ အလယ်ပေါက်မှာ ကပ်ထားတဲ့သူတစ်ယောက်မှမရှိဘဲလွတ်လွတ်ကျွတ်ကျွတ်ကန်ရပေမယ့် ဂိုးမရခဲ့ပါဘူး။

ပို့စ်မောက်ဟာ ပထမပိုင်းမှာ အခွင့်အရေး မယ်မယ်ရရမရခဲ့ပါဘူး၊ လောလောဆယ် ဝယ်ထားရတဲ့ ပီတာခရောချ်နဲ့ ဂျာမိန်းဒီဖိုးတို့ရဲ့ တိုက်စစ်အတွဲဟာ ဖာဂူဆန်ရဲ့ ခံစစ်ကြောင်းကို မခြိမ်းခြောက်နိုင်ခဲ့ပါဘူး။

အချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်သည့်အတွက် ပယ်နယ်တီကန်ကြရပါတယ်။

ပို့စ်မောက်အသင်းအတွက် ဒီယာရာတစ်ဦးသာ ဂိုးဝင်အောင်ကန်နိုင်ပြီး ဒီဖိုး၊ အာနိုးအမ်ဗင်းမားနှင့် ဂျွန်ဆင်တို့ရဲ့ ကန်ချက်တွေဟာ ဂိုးမဝင်ခဲ့ကြပါဘူး။

မန်ချက်စတာယူနိုက်တက်အတွက် တီဗက်ဇ်၊ ဂစ်နှင့် မိုက်ကယ်ကာရစ်တို့ သုံးဦးစလုံး ဂိုးဝင်ခဲ့ကြပါတယ်။

ဒီနေ့ပွဲရဲ့အကောင်းဆုံးကစားသမားဆုကိုတော့ ကားလို့စ်တီဗက်ဇ်က ရပါတယ်။

မန်ချက်စတာယူနိုက်တက်အသင်းမှာ ဒီနေ့ကစားသူတွေကတော့ဗန်ဒါးဆား၊ နဗီးလ်(ဘရောင်း၆၆မိနစ်)၊ ဖာဒီနန်၊ ဗီဒစ်၊ အီဗရာ၊ ဖလက်ချာ၊ အိုရှေး (ကာရစ်၆၆မိနစ်)၊ ပေါလ်စခိုးလ်၊ ဂစ်၊ နာနီ (ကင့်ဘဲလ်၇၉မိနစ်)၊ တီဗက်ဇ်တို့ဖြစ်ကြပါတယ်။

ပို့စ်မောက်အသင်းမှာတော့ဂျိမ်းစ်၊ ဂျွန်ဆင်၊ကင့်ဘဲလ်၊ဒစ်တင်၊ဟိုက်ဒါဆန်(လောရင့် ၇၉မိနစ်)၊ ဒီဟော့ဖ်၊ မင်းဒက်စ်(အမ်ဗင်းဗား ၇၅မိနစ်)၊ ဒီယာရာ၊ခရင်ဂျာ(အူတာကာ၆၀မိနစ်)၊ ခရောချ်နဲ့ဒီဖိုးတို့ဖြစ်ကြပါတယ်။

သတင်းမှတ်စု သန်းလွင်

ပေကျင်းအိုလံပစ်ပြိုင်ပွဲ အားကစားသတင်းများ

Beijing 2008

အမျိုးသားဘောလုံး

အီတလီ ၃ - တောင်ကိုရီးယား ၀
အိုင်ဗရီကို့စ် ၄ - ဆာဘီးယား ၂
ဘယ်လ်ဂျီယံ ၂ - တရုတ် ၀
နယ်သာလန် ၂ - အမေရိကန် ၂
ကင်မရွန်း ၁ - ဟွန်ဒူးရပ်စ် ၀
ဘရာဇီး ၅ - နယူးဇီလန် ၀
နိုင်ဂျီးရီးယား ၂ - ဂျပန် ၁

ကမ္ဘာ့အဆင့်တစ် ဆာဘီးယားသူ တင်းနစ်မယ် အီဗာနိုဗစ်သည် ထိခိုက်ဒဏ်ရာ ရရှိထားသည့်အတွက် ပေကျင်းအိုလံပစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်းကို ဩဂုတ် ၁၀ ရက်တွင် သတင်းစာရှင်းလင်းပွဲကျင်းပ၍ ကြေညာခဲ့သည်။ *[သူမသည် မကြာသေးမီက ပြီးစီးခဲ့သော ပြင်သစ်အိုးပင်း အမျိုးသမီးချန်ပီယံဖြစ်သည်။]* (အင်တာနက်)

အမျိုးသမီး အလေးမ (၅၆ကီလို)

ရွှေ - လုံကွင်းကျွမ်(တရုတ်)
၁၃၂ကီလို-၁၆၀ကီလို-၂၉၂ကီလို
ငွေ - ဟွမ်အမ်းသန်(ဗီယက်နမ်)
ကြေး - အီကိုယူလီအီရာဝမ်(အင်ဒိုနီးရှား)

အမျိုးသမီး ဂျူဒို (၅၂ကီလို)

ရွှေ - စီယမ်ဒွန်းမေ(တရုတ်)
ငွေ - ကွမ်အေ့အန်(မြောက်ကိုရီးယား)
ကြေး - နာကာမူရာ(ဂျပန်)

အမျိုးသားဂျူဒို (လိုက်ဝိတ်)

ရွှေ - မာဆာတိုအုချီရှိဗား(ဂျပန်)
ငွေ - ဗင်ဂျာမန်ဒါဘီတက်(ပြင်သစ်)
ကြေး - ယိုဒါနစ် အဒင်စီဘီယား(ကျူးဘား)

အမျိုးသားဓားခုတ်

ရွှေ - မက်တီယိုကတ်လီယာရီယို(အီတလီ)
ငွေ - ဖာဘရစ်ဂျင်းနက်(ပြင်သစ်)
ကြေး - ဂျိုစ့်လူးဝစ်အဘားဂျို(စပိန်)

အမျိုးသမီးအလေးမ (၅၃ကီလို)

ရွှေ - ပရာပါဝါဒီး ဂျာရှိအင်းရာတာနာတာရတ်(ထိုင်း)
၉၅ကီလို-၁၂၆ကီလို-၂၂၁ကီလို
ငွေ - ယောင်ဂျင်ဟီး(တောင်ကိုရီးယား)
ကြေး - နာတာရှာနိုဗီကာဗာ(ဘီလာရုစ်)

အမျိုးသမီး မြားပစ်

ရွှေ - တောင်ကိုးရီးယားအသင်း
ငွေ - ပြင်သစ်အသင်း
ကြေး - အင်္ဂလန်အသင်း

အမျိုးသမီး ရေကူး (မီတာ ၄၀၀အလွတ်ကူး)

ရွှေ - စတီဖာနီးရိုက်စ်(ဩစတြေးလျ)
ငွေ - ကပ်စတီး ကွန်ဗင်ထရီ(ဇင်ဘာဘွေ)
ကြေး - ကေတီဟုတ်(အမေရိကန်)

အမျိုးသား ရေကူး (မီတာ ၄၀၀)

ရွှေ - ပတ်တေးဟွမ်(တောင်ကိုးရီးယား)
ငွေ - ဝူန်လင်း(တရုတ်)
ကြေး - လာဆင်းဂျင်ဆင်း(အမေရိကန်)

အမျိုးသား ရေကူး လက်ဆင့်ကမ်း

ရွှေ - အမေရိကန်အသင်း
ငွေ - ပြင်သစ်အသင်း
ကြေး - ဩစတြေးလျအသင်း

အမျိုးသားဘော်လီဘော

အီတလီ ၃ - ဂျပန် ၁
(၂၅-၁၉၊ ၂၅-၁၈၊ ၂၃-၂၅၊ ၂၅-၁၇)
အမေရိကန် ၃ - ဗင်နီဇွဲလား ၂
(၂၅-၁၈၊ ၂၅-၁၈၊ ၂၂-၂၅၊ ၂၁-၂၅၊ ၁၅-၁၀)

အမျိုးသမီးစက်ဘီး

ရွှေ - နီကိုလေကိုကီး(အင်္ဂလန်)(၃နာရီ၃၂မိနစ်၂၄စက္ကန့်)
ငွေ - အင်ဟာဂျိုဟာန်ဆင် (ဆွီဒင်)
ကြေး - တာတီယာနာ ဂူရာဆို (အီတလီ)

အမျိုးသားရေကူး (မီတာ ၄၀၀ အလွတ်ကူး)

ရွှေ - မိုက်ကယ်ဟက်(အမေရိကန်) (၄း၀၃.၈၄)
ငွေ - လေ့စ်လိုဆက် (ဟန်ဂေရီ) (၄း၀၆.၁၆)

(၄× မီတာ ၁၀၀လက်ဆင့်ကမ်း)

ရွှေ - နယ်သာလန်အသင်း (၃း၃၃.၇၆)

အမျိုးသမီးဟန်ချက်ညီ ဒိုက်ဗင်

ရွှေ - ကျူအိုကျင်ကျင်-ဝူမင်းစီယာ(တရုတ်)
ငွေ - ဂျူလီယာပါခါလီနာ-အနက်စ်တာရှာ ပို့ညာကိုဗာ (ရုရှား)
ကြေး - ဟိုက်ကီဖစ်ရှာ-ဒစ်တီကော့စိုယန် (ဂျာမနီ)

အမျိုးသမီးလေသေနတ်ပစ် (ပစ္စတို)

ရွှေ - ကျူအိုဝမ်ကျန် (တရုတ်) (၄၉၂.၃မှတ်)
ငွေ - နာတာလီယာ ပါဒီရီးနား (ရုရှား) (၄၈၉.၁မှတ်)
ကြေး - နီနိုဆာလူဗတ်စိုး (ဂျော်ဂျီယာ) (၄၈၇.၄မှတ်)

လုံးချောက ရန်ကြီးအောင်ကို နောက်ဆုံးအချီ၌ အလဲထိုးဖြင့်အနိုင်ယူ စောငမန်း၏ ပွဲသိမ်းဒူးတိုက်ချက်ကြောင့် ဒေါင်းညိုလေးရှုံးရ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစား အဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ (Myanmar Distribution

စောငမန်း ပွဲအပြီး အောင်ပွဲခံစဉ်။

Group Co., Ltd.)မှ အဓိက ပံ့ပိုးကူညီပြီး T&T Group မှ တာဝန်ယူ ကျင်းပသော နိုင်ငံတကာ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများအတွက် အဆင့်မြင့် ပထမတန်း လက်ဝှေ့ကျော်များ၏ လက်ရည်စစ် စိန်ခေါ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂နာရီမှစ၍ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ပရိသတ်အားပေးမှု အထူးများပြားခဲ့သည်။

လေးချီ စိန်ခေါ်ပွဲအဖြစ် ရွှေမိုးသီး (ဘီလပ်မြေစက်ရုံ) နှင့် ဖိုးလုံး (မြန်မာပြည်သား) တို့ ယှဉ်ပြိုင်ကြရာ ရွှေမိုးသီးက စတုတ္ထအချီတွင် အနိုင်ရရှိသွားသည်။ ငါးချီပွဲအဖြစ် သပြေညို (ဘီလပ်မြေစက်ရုံ) နှင့် မိုးသီး (မြန်မာပြည်သား) တို့ ယှဉ်ပြိုင်ကြရာ အလူးအလဲဖြင့် ပူးတွဲသရေကျသွားသည်။ စောကရင်(မိုးသောက်ကြယ်)နှင့် အောင်သူရ(ဒေါင်းမြန်မာ) တို့ ပွဲမှာလည်း ပရိသတ် အကြိုက်တွေ့ခဲ့သော ပွဲတစ်ပွဲဖြစ်သည်။ စတုတ္ထအချီတွင် စောကရင် လက်ရည်ပြန်သာလာကာ ၁ မိနစ် ၂၉စက္ကန့်တွင် ပွဲသိမ်းလက်သီး ပစ်သွင်းကာ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ကျော်ခေါက်(ဒေါင်းမြန်မာ) နှင့် မင်းသီဟ (ဘီလပ်မြေစက်ရုံ)တို့ပွဲတွင် ကျော်ခေါက်က ဒုတိယအချီ ၂ မိနစ် ၁၂ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ဒုတိယအချီ ၁မိနစ် ၃၉စက္ကန့်တွင် ကျော်ခေါက် ပတ်တံတောင်မိပြီး မင်းသီဟ အနားတောင်းရသည်။ ဒုတိယအချီ ၂ မိနစ် ၁၂စက္ကန့်တွင် ကျော်ခေါက်၏ ထိုးချက်များကြောင့် မင်းသီဟ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ မင်းမင်း (ရန်ကုန်)နှင့် ကြယ်လေး (မြန်မာပြည်သား) တို့ပွဲတွင် တတိယအချီ ၁မိနစ် ၁၉ စက္ကန့်၌ ကြယ်လေးက ဘယ်ဝိုက်လက်သီး ပစ်သွင်းပြီး အလဲထိုးအနိုင်ရသွားသည်။

စောသဲမင်း (K.L.N) နှင့် ဝိုင်ဝိုင်း (မြန်မာပြည်သား) တို့ပွဲတွင် စောသဲမင်းက ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

နိုင်ငံတကာ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများအတွက် စောငမန်း (ဘားအံ) နှင့် ဒေါင်းညိုလေး (ဒေါင်းမြန်မာ)တို့ပွဲတွင် စောငမန်းက တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ စောငမန်းက လက်ယောင်ပြပြီး ခြေကန်ချက်ဖြင့်ဒေါင်းညိုလေးကို ရင်ဆိုင်သည်။ နှစ်ဦးစလုံး အပူးတွင် ပင့်ဒူး၊ လက်သီးများဖြင့် ထိုးသတ်ကြသည်။ ပထမဦးဆုံး တွေ့ဆုံကြသည့်ပွဲဖြစ်၍ နှစ်ဦးစလုံး အတင်းဝင်မထိုးဘဲ ပိုင်မှသာ ထိုးကြသည်။ ဒုတိယအချီတွင် နှစ်ဦးစလုံး ပြိုင်ထိုး၊ ဆိုင်ထိုးလာကြ၍ ပွဲမှာ သူတင်ကိုယ်တင်ရှိလှသည်။ စောငမန်း၏ ထိုးချက်များကြောင့် ဒေါင်းညိုလေး ၂မိနစ် ၅၁စက္ကန့်တွင် အနားတောင်းရသည်။ တတိယအချီတွင် စောငမန်း စိတ်ကြိုက်ထိုးလာနိုင်သည်။ အလဲထိုးနိုင်ရန်အတွက် အားဖိထိုးလာသည်။ ၁ မိနစ် ၄၁ စက္ကန့်တွင် စောငမန်းက ဒူးတိုက်ချက်ဖြင့် ဒေါင်းညိုလေးကို ပွဲသိမ်းအနိုင်ယူသွားသည်။

လုံးချော (ညောင်တုန်း) နှင့် ရန်ကြီးအောင်(မြို့တော်စည်ပင်) တို့၏ပွဲမှာ ပွဲမစခင်ကတည်းက ပရိသတ်များ၏အားပေးမှုကြောင့် မြိုင်ဆိုင်သွက်လက်လျက်ရှိသည်။

ထပ်ဆင့် မြန်မာပြည်ချန်ပီယံ လုံးချောနှင့် ရွှေခါးပတ်ပိုင်ရှင် ရန်ကြီးအောင်တို့မှာ သုံးကြိမ်မြောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီးပြီးခဲ့သည့် နှစ်ကြိမ်တွင် ရန်ကုန်မှာရော မန္တလေးမှာပါ အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြင့်သာ အဆုံးသတ်ခဲ့သည်။ ယခုစိတ်မကျေပွဲ သုံးကြိမ်မြောက် တွေ့ဆုံရာတွင် လုံးချောက ပဉ္စမအချီတွင် အလဲထိုးဖြင့်အနိုင်ရရှိသွားခဲ့သည်။ လုံးချောမှာ ဇူလိုင် ၂၇ ရက်က ထိုးသတ်ခဲ့သော အသည်းကောင်းလို့ ပွဲတောင်း

ဘတစ်ပြန်၊ကျားတစ်ပြန် ရင်ဆိုင်ခဲ့သော လုံးချောနှင့် ရန်ကြီးအောင်တို့ပွဲတွင် လုံးချောက ဤသို့ အလဲထိုးလိုက်သည်။

သူများ ပွဲစဉ်(၄)တွင် စိန်ခေါ်သူ ဝဏ္ဏကို အလဲထိုးဖြင့် အနိုင်ယူပြီး သရေပွဲများနေမှုကို အဆုံးသတ်နိုင်ခဲ့သလို ယခုပွဲတွင်လည်း ထပ်မံအနိုင်ရရှိခဲ့၍ နိုင်ပွဲဆက်သွားနိုင်ခဲ့ခြင်း ဖြစ်သည်။

နှစ်ဦးစလုံး ခြေကန်ချက်များဖြင့် ပထမအချီကို စတင်ဖွင့်လှစ်ကြသည်။ ရန်ကြီးအောင်က ခြေကန်ချက်များအပြင် လက်သီးကိုပါ တွဲသုံးပြီး လုံးချောကမူ ဒူးပျံများဖြင့် တုံ့ပြန်သည်။ ရန်ကြီးအောင်၏ ပြင်းထန်သော ခြေကန်ချက် လုံးချောမျက်နှာထိပြီး အမှတ်စဉ်ရေတွက်ခံရသည်။ အမှတ်မထင်တိုက်ခိုက်ခံရပြီး အမှတ်စဉ်ရေတွက်ခံလိုက်ရ၍လုံးချော အတင်းလိုက် ဖိထိုးလာသည်။ ပါးနပ်မှုရှိသော ရန်ကြီးအောင်ကလည်း လုံးချော၏ထိုးချက်များကို ရှောင်ပြီး ထောက်လက်သီးများ ပစ်သွင်းသည်။ လုံးချောကလည်း ဘယ်ညာဝိုက်လက်သီးများဖြင့် တရစပ်ထိုးသည်။ ဒုတိယအချီတွင် လုံးချောက ပရိသတ်၏ အားပေးမှု အရှိန်မှာလည်း ပိုမိုမြင့်မားလာသည်။

တတိယအချီတွင် လုံးချော အသာပြန်ရလာသည်၊ အားပါလှသော လက်သီးများဖြင့် ရင်ဆိုင်သလို ဒူးပျံများဖြင့်လည်း နောက်ဆက်တွဲ ထပ်မံရင်ဆိုင်သည်။ ထို့ကြောင့် ရန်ကြီးအောင်မနည်းရှောင်နေရသည်။ သို့သော် တရစပ်ဝင်လာသော လုံးချောလက်သီးချက်များကြောင့် ရန်ကြီးအောင် အထိနာလာသည်။ စတုတ္ထအချီတွင် ပရိသတ်အားပေးမှုနှင့်အတူ ပွဲအရှိန်ပိုမြင့်လာသည်။ လက်သီးချင်း အတွေ့၊ ခြေထောက်ချင်းအဆိုင်၊ သတ္တိပြိုင်ဟုဆိုရလောက်အောင် ပွဲမှာ ဘတစ်ပြန် ကျားတစ်ပြန်ရှိလာသည်။ပြင်းထန်လှသည့် လက်သီးများဖြင့်အပြိုင်ရင်ဆိုင်ရင်း နှစ်ဦးစလုံး အထိနာလာသည်။ပဉ္စမအချီ(နောက်ဆုံးအချီ) မှာ လုံးချော၏ အချီ

ကျော်ခေါက် (ဒေါင်းမြန်မာ) နှင့် မင်းသီဟ (ဘီလပ်မြေစက်ရုံ) တို့ အကြိတ်အနယ် ထိုးသတ်စဉ်။

ပြေးကန်၊ ပြေးတိုက်များဖြင့် ရင်ဆိုင်ပြီး ရန်ကြီးအောင်က လုံးချော အငိုက်တွင် ပင့်လက်သီးများ ပစ်သွင်းသည်။ ရန်ကြီးအောင်၏ ညာလက်သီးမိပြီး လုံးချောဒုတိယအကြိမ် အမှတ်စဉ် ရေတွက်ခံရသည်။ ဖြစ်သွားသည်။ လက်ရည်မတိမ်းမယိမ်းဖြင့် ရင်ဆိုင်နေရင်းမှ ပွဲပြီးရန် ၂၄ စက္ကန့်အလို ၂ မိနစ် ၃၆ စက္ကန့်တွင် လုံးချော၏ အားပါပြီး ပြင်းထန်သော လက်သီးမိသွားပြီး ရန်ကြီးအောင် မှောက်သွားသည်။ ရန်ကြီးအောင် ကြိုးစားပြီး ပြန်ထသော်လည်း ပြန်ထိုးရန် အသင့်မဖြစ်တော့ဘဲ ပြန်လဲသွားရာ၌ လုံးချောက အလဲထိုးဖြင့် အနိုင်ရသွားသည်။

(ကြေးမုံ)

အပူပိုင်းမုန်တိုင်းငယ် ဩရိသကမ်းခြေကို ဝင်ရောက်

ရန်ကုန် ဩဂုတ် ၁၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင်နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ နေပြည်တော်တွင် ၀ဒသမ ၄၄လက်မ၊ ရေးမြို့တွင် ၃ဒသမ၁၅လက်မ၊ ကလေးမြို့တွင်၃ဒသမ၁၁လက်မ၊ ရွှေကျင်မြို့နှင့် ကိုကိုးကျွန်းမြို့တို့တွင် ၂ဒသမ၉၉လက်မစီ၊ ပူတာအိုမြို့နှင့်ညောင်လေးပင်မြို့တို့တွင် ၂ဒသမ၆၈လက်မစီ၊ မောင်တောမြို့တွင်၂ဒသမ၆၀လက်မ၊မော်လိုက်မြို့တွင်၂ဒသမ၀၈လက်မနှင့် သိမ်ဇရပ်မြို့တွင် ၂ဒသမ၀၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်နောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ အနည်းငယ်ပိုမိုအားကောင်းလာပြီး အပူပိုင်းမုန်တိုင်းငယ်အဆင့်သို့ရောက်ရှိလာကာ အိန္ဒိယနိုင်ငံဩရိသကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ယင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာခြင်းမရှိဘဲ အနောက်မြောက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားကာ ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းကို ဖြတ်ကျော်ဝင်ရောက်သွားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဩဂုတ် ၁၁ရက် ညနေထိ ခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၅ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်) ၉-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၁၀-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၁၀-၈-၂၀၀၈

နေပူသည့် နာရီပေါင်း ၁ ဒသမ ၀ နာရီခန့် ၉-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၀-၈-၂၀၀၈	၂၈မမ(၁ဒသမ၀၉လက်မ)	၃၀မမ(၁ဒသမ၁၈လက်မ)	၁၂မမ(၀ဒသမ၄၈လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၇၈၆မမ(၇၀ဒသမ၃၁လက်မ)	၂၀၁၂မမ(၇၉ဒသမ ၂၁လက်မ)	၂၃၈၇မမ(၉၃ဒသမ ၉၈လက်မ)

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၈-၂၀၀၈ နေ့ ၁၂း၄၅နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၁၅ မိုင်နှုန်း တိုက်ခတ်သည်။

ရစ်ချ်တာစကေး ၅ ဒသမ ၇အဆင့်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် ဩဂုတ် ၁၀

၂၀၀၈ ခုနှစ် ဩဂုတ် ၁၀ ရက် မြန်မာစံတော်ချိန် ၁၈နာရီ ၅၃မိနစ် ၁၀စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၅၀၀ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ၊ ကပ္ပလီပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

YOKOHAMA **ကုန်အမှတ်တံဆိပ်ကြေညာချက်အပေါ် ကန့်ကွက်၊ ရှင်းလင်းကြေညာခြင်း**

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မြန်မာနိုင်ငံကုမ္ပဏီများ မှတ်ပုံတင်အမှတ် ၄၈၇/၁၉၉၃-၉၄ အရ တည်ထောင်ထားသော TYRE WORLD Company Limited ၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဦးမောင်မောင်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ ၅-၈-၂၀၀၈ ရက်စွဲဖြင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၁၆တွင် ကြေညာထားသော YOKOHAMA ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းကြေညာပါသည်-

ဂျပန်နိုင်ငံရှိ YOKOHAMA ကုမ္ပဏီသည် မော်တော်ကား တာယာ၊ အလိုင်းဘီး၊ ဘက်ထရီ စသော မော်တော်ကားအစိတ်အပိုင်းများ၊ မော်တော်ကား သုံးလျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများအပြင် အခြားမော်တော်ယာဉ်သုံး အခြားအစိတ်အပိုင်းများကို ထုတ်လုပ်ပြီး YOKOHAMA အမှတ်တံဆိပ်ရိုက်နှိပ်လျက် ကမ္ဘာအနှံ့ဖြန့်ဖြူးရောင်းချနေသည့် ကျော်ဇောသတင်းရှိပြီးဖြစ်သည့် ကုမ္ပဏီဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေ ကုမ္ပဏီအနေဖြင့် YOKOHAMAကုမ္ပဏီနှင့် ဆက်သွယ်ပြီး တာယာများ၊ အလိုင်းဘီးများ၊ ဘက်ထရီနှင့် ဘက်ထရီအပိုပစ္စည်းများကို လွန်ခဲ့သော ၁၉၉၃ ခုနှစ်ခန့်လောက်မှစ၍ သွင်းကုန်ထုတ်ကုန်လိုင်စင်ဖြင့် တရားဝင်တင်သွင်းပြီး ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဗားဂရာလမ်း၊ အမှတ် (၂၆၉)တွင် အနော်ရထာ တာယာနှင့် အလိုင်းရောင်းဝယ်ရေးခန်းမဖွင့်လှစ်ပြီး မြန်မာတစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချနေသည့် အရောင်းကိုယ်စားလှယ်ဖြစ်ပါသည်။

YOKOHAMA စာသားပါဆိုင်းဘုတ်ကြီးများကို အရောင်းခန်းမများ၊ အလုပ်ရုံများ၊ ဂိုဒေါင်များတွင် တပ်ဆင်အသုံးပြုထားပြီး ဖြစ်၍ YOKOHAMA အမှတ်အသားစာသားအား အသုံးပြုရန် ကြေညာထားခြင်းကို ကန့်ကွက်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

တာယာဝေါလ်ကုမ္ပဏီလီမိတက်
မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်စိန်၏
လွှဲအပ်ညွှန်ကြားချက်အရ
(ဦးစံလှ) (ဒေါ်အေးအေးနိုင်)
တရားရုံးချုပ်ရှေ့နေများ အမှတ်(၆၈)၊ ဒု-ထပ်၊
အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၈၆၅၅၉

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း

ကျွန်တော် **မောင်ကောန့်ခါးဂျော်မွန်းကောန့်** [၁/မကန(နိုင်) ၀၀၉၄၉၃]နှင့် ကျွန်မ **မဘောက်ဆန့်မွန်း** [၁/ဗမန(နိုင်) ၀၅၂၇၀၂]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၇-၈-၂၀၀၈ ရက်တွင် ကွာရှင်းပြီးစီးပါကြောင်း။ နောက်နောင်သူမနှင့်ပတ်သက်သောကိစ္စမှန်သမျှကို ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်ကောန့်ခါးဂျော်မွန်းကောန့် [၁/မကန(နိုင်)၀၀၉၄၉၃]

လေဘောသင့်ပြည်သူများအတွက် လျှုဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား တွေ့ဆုံနှုတ်ဆက်

သမ္မတ မစ္စတာဟူကျင်တောင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဩဂုတ် ၈ ရက် မွန်းတည့် ၁၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီးသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဆိုပါ ပြည်သူ့ခန်းမဆောင်ကြီး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်က ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

ဂုဏ်ပြုနေ့လယ်စာ

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ခေါင်းဆောင်များ၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာလက်ဝှေ့အားကစားသတင်းအညွှန်း

နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများအတွက် အဆင့်မြင့်ပထမတန်း လက်ဝှေ့ကျော်များ၏ လက်ရည်စစ် စိန်ခေါ်ပွဲ လုံးချော(ညောင်တုန်း) နှင့် စောမန်း (ဘားအံ) တို့ အလဲထိုးဖြင့် အနိုင်ရရှိ။

(သတင်းဆောင်းပါး) စာမျက်နှာ - ၁၂

ပေကျင်းအိုလံပစ်သတင်းအညွှန်း

၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရွှေတံဆိပ် (၆)ခုဖြင့် ဦးဆောင်နေ။

(ပေကျင်းအိုလံပစ်သတင်းများ)

စာမျက်နှာ - ၁၁

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)